မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈)

တစ်မျိုးသားလုံးရဲ့ တာဝန်

ယနေ့တိုင် ခမ်းနားထည်ဝါဆဲ၊ တင့်တယ်ခိုင်ခံ့ဆဲ၊ မြန်မာလူမျိုး တို့ရဲ့ နှလုံးအိမ်ထဲမှာ စွဲမြဲနေရာယူဆဲဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုတောက်ပြောင်ခမ်းနားအောင်၊ ခေတ်ကာလနဲ့လျော်ညီစွာ တိုးတက်စည်ပင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ပေးကြဖို့ဟာ တစ်မျိုးသားလုံးရဲ့ တာဝန်ပဲဖြစ်။

ပိမိနိုင်ငံ၊ ပိမိလူမျိုးနှင့်မအပ်စပ်သည့် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုများ အမျိုးသားယဉ်ကျေးမှု ကိုယ်ခံစွမ်းအားကောင်းကောင်းဖြင့် ကြံ့ကြံ့ခိုင်ခိုင် ကာကွယ်တားဆီး

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ မွန်မြတ်မြင့်မားသည့် ဦးတည်ချက်များ အောင်မြင်ပြီးမြောက်သည်အထိ ဦးတည်ကြိုးပမ်းတင်ဆက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၇

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ✻

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

မသမာသူတို့၏ အသုံးချခံဘဝ မရောက်စေလိုပါ

စက်သုံးဆီဈေးနှုန်း မြှင့်တင်၍ လူထုစားဝတ်နေရေး ကျပ်တည်းသည်၊ ကုန်ဈေးနှုန်း ကြီးမြင့်သည်ဟုဆိုကာ NLD များ၊ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ ကလေးအဖေပင် ဖြစ်နေကြသူများ၊ ပြည်ပြေးများက ပြဿနာရှာကာ ဆူပူမှု၊ ဆူပူမှုမှတစ်ဆင့် ၈၈ အရေးအခင်းကဲ့သို့ ပြည်ဖျက်စီမံကိန်း ချမှတ်လုပ်ဆောင်မှုများ လုပ်လာကြပါသည်။ သူတို့သည် ယနေ့ ကျောင်းသား၊ ကျောင်းသူများကို အသုံးမချနိုင်ပါ။ မိဘများကလည်း အသုံးချမခံနိုင်၊ ကလေးများကိုယ်တိုင် ကွန်ပျူတာများကိုင်ကာ အဆင့်မြင့်ပညာ ရှာဖွေဆည်းပူးပျော်မွေ့နေကြသဖြင့် ကျောင်းသားကို အသုံးမချနိုင်ကြပါ။

မိခင်သန့်၏ ဆောင်းပါး (စာ ၈ နှင့် ၉)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်)

စားနပ်ရိက္ခာ ဖူလုံပိုလျှံစွာထုတ်လုပ် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မား

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံတိုးတက်စေရေးအတွက် အလေးပေး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ရေ၊ မြေ၊ သယံဇာတများကို တိုးချဲ့ဖော်ထုတ်ပေးခဲ့သဖြင့် ဆန်စပါးသီးနှံထွက်ရှိမှုမှာ ပြည်တွင်းစားနပ်ရိက္ခာ လိုအပ်ချက်ကို ဖူလုံစွာ ဖြည့်ဆည်းပေးသည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်အတွက်ပါ အထောက်အကူပြုနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သောမြေဧရိယာ ဟက်တာ ၁၈ သန်းရှိသည့်အနက် တိုးချဲ့စိုက်ပျိုးနိုင်မည့် မြေဟက်တာ ၇ သန်းခန့် ကျန်ရှိနေသည်။ မြေသယံဇာတများကို ပုဂ္ဂလိကများနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံလိုသူများအတွက် စိုက်ပျိုးမြေများတိုးချဲ့ရရှိရေး နိုင်ငံတော်က ဝါယမစိုက် ဖော်ထုတ်ပေးခဲ့သည်။

နိုင်ငံတော်၏ သားငါးကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက် အရေးပါသည့်ကဏ္ဍတစ်ခု ဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းနှင့် မြစ်ချောင်းအင်းအိုင်များမှ ငါး၊ ပုစွန်များကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ သစ်တောဧရိယာ ဟက်တာ ၃၄ သန်းရှိကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ညီညွတ်မျှတရေးကိုလည်း အထောက်အကူပြုလျက် ရှိသည်။

ကမ္ဘာပေါ်ရှိ ငတ်မွတ်သူဦးရေ ထက်ဝက်ကျဆင်းရေး ထောင်စုနှစ်ရည်မှန်းချက်ကို ဦးတည်ပြီး မြန်မာနိုင်ငံက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံစွာထုတ်လုပ်နိုင်သည်နှင့်အမျှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးနိုင်သဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝကိုလည်း မြင့်မားတိုးတက်စေခဲ့ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ထီးတော်သစ်တင်လှူပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးကို ထီးတော်သစ် တင်လှူပူဇော်ရန် Stainless Steel ရွှေရောင်ထီးတော်သစ်ကြီး ပြုလုပ်လျက်ရှိသည်။

ထီးတော်သစ်တင်လှူပူဇော်ပွဲကို ပွင့်လင်းရာသီတွင် ကျင်းပနိုင်ရေးအတွက် စေတနာရှင်၊ ပါရမီရှင်နှင့်အလှူရှင်များက ငွေကြေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။

အဆိုပါ ထီးတော်သစ်ကြီးကို ကမ္ဘာအေးစေတီတော်ရင်ပြင်တွင် ထားရှိပူဇော်ခံလျက်ရှိရာ လှူဒါန်းလိုသူများသည် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၆၆၂၈၈၂၊ ၆၆၀၀၀၂နှင့် ၆၆၅၄၂၅တို့သို့ ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) စည်ပင်သာယာရေးဦးစီးဌာနမိသားစု တစ်နေ့တာ ဆွမ်းဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ စည်ပင်သာယာရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

နာယူ

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

အလှူငွေ

ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၂၅၀၀၀၀ ကို စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်က လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် လက်ခံယူသည်။

ဆက်ကပ်

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်းအမှတ် ၃၇ (A)နေ ဦးလှဝင်း - ဒေါ်ခင်ညွန့် (၄၅) နှစ်ပြည့် မင်္ဂလာ အထိမ်းအမှတ်အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ် ၉/၁၁(က) ဗောဓိရိပ်သာလမ်း ရွှေတောင်ကြား(၂)ဗဟန်းမြို့နယ်နေ ဗိုလ်မှူးအောင်နိုင်သူ (ငြိမ်း)- ဒေါ်ခင်ဥမ္မာဦး၊ သမီးမဇင်ဝင့်ထယ်၊ သား မောင်နောင်ရဲမာန်၊ မောင်ကောင်းခန့်ကို မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၄၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ကုန်သွယ်သုတ
	၁၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း-၁၀)

ဆွမ်းအောင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ဝါတွင်းသုံးလကာလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော ကျောင်းတိုက်ကြီး ၁၇ တိုက်မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်တို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်တော်များ လောင်းလှူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၆ရက်)တွင် ဆွမ်းအောင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ကျောင်းတိုက်ကြီး ၁၇ တိုက်မှ ဆရာတော်ကြီး ၁၇ပါးတို့အား ပင့်ဖိတ်၍ ငွေပဒေသာပင်နှင့် ဆွမ်းဆန်တော်များ လှူဒါန်းပြီး လှူဒါန်းမှုဒါနအစုစုတို့ကို ရေစက်သွန်းချမည် ဖြစ်သည်။

လှူဒါန်းလိုသူများသည် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာရှေ့ အလှူတော်မင်္ဂလာမဏ္ဍပ်သို့ လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမျိုးအနွယ်ကို စောင့်ထိန်းတဲ့စွမ်းအား ကြီးမားခဲ့ထည်

အမှန်တကယ်အားဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို သီးသီးသန့်သန့်ပိုင်ဆိုင်နေခြင်းဟာ နိုင်ငံနဲ့လူမျိုးရဲ့ အတိတ်သမိုင်းကြောင်း ခမ်းနားထည်ဝါခိုင်ခံ့မှုကို ဖော်ညွှန်းပြသနိုင်တဲ့ ဂုဏ်ဒြပ်တစ်ခုလည်း ဖြစ်ပါတယ်။ အလားတူပဲ နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာတဲ့ သမိုင်းကြောင်းကာလတစ်လျှောက်မှာ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှုကို ရှေးဦးစဉ်လာမပျက် မြဲမြဲတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခြင်းဟာလည်း အမျိုးကိုချစ်တဲ့ စိတ်ဓာတ်နဲ့ အမျိုးအနွယ်ကို စောင့်ထိန်းတဲ့ စွမ်းအားတို့ ကြီးမားခဲ့ထည်ခဲ့လို့ပဲ ဖြစ်ပါတယ်။

✻ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ သံတမန်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး "မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"၊ "ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များကို စောင့်ရှောက်မြှင့်တင်ပေးခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေး ဂုဏ်သိက္ခာကို အမျိုးသားယဉ်ကျေးမှုနှင့်ယှဉ်တွဲပြီး မြင့်မားထည်ဝါစေရအောင် စွမ်းဆောင်မြှင့်တင်ပေးနိုင်ကြပါစေ"လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမျိုးသားရေးဂုဏ်ရည်

အမျိုးသားယဉ်ကျေးမှုဆိုတာ မိမိနိုင်ငံ၊ မိမိလူမျိုး သီးသီးသန့်သန့် ပိုင်ဆိုင်ထားတဲ့ အမျိုးသားရေးဂုဏ်ရည်များကို ကိုယ်စားပြုဖော်ညွှန်းပြဆိုနေတဲ့ အမျိုးသားရေးသင်္ကေတတစ်ခုဖြစ်သလို နိုင်ငံနဲ့လူမျိုးရဲ့ ကိုယ်ပိုင်အမျိုးသားရေး ဥပဓိရုပ်လက္ခဏာတစ်ရပ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ဒီအမျိုးသားရေးဥပဓိရုပ်ဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို တစ်မျိုးသားလုံးက မည်မျှထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်တယ်ဆိုတဲ့ အခြေခံအပေါ်မှာသာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲမှုနဲ့ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါမှုတို့ဟာ ရပ်တည်လျက်ရှိနေခြင်း ဖြစ်ပါတယ်။

အမှန်တကယ်အားဖြင့် ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို သီးသီးသန့်သန့်ပိုင်ဆိုင်နေခြင်းဟာ နိုင်ငံနဲ့လူမျိုးရဲ့ အတိတ်သမိုင်းကြောင်း ခမ်းနားထည်ဝါခိုင်ခံ့မှုကို ဖော်ညွှန်းပြသနိုင်တဲ့ ဂုဏ်ဒြပ်တစ်ခုလည်း ဖြစ်ပါတယ်။ အလားတူပဲ နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာတဲ့ သမိုင်းကြောင်းကာလတစ်လျှောက်မှာ မိမိတို့ရဲ့အမျိုးသားယဉ်ကျေးမှုကို ရှေးဦးစဉ်လာမပျက် မြဲမြဲတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခြင်းဟာလည်း အမျိုးကိုချစ်တဲ့ စိတ်ဓာတ်နဲ့ အမျိုးအနွယ်ကို စောင့်ထိန်းတဲ့ စွမ်းအားတို့ ကြီးမားခဲ့ထည်ခဲ့လို့ပဲ ဖြစ်ပါတယ်။

လက်ဆင့်ကမ်းလွှဲပြောင်း

ဒါကြောင့် ဒီစွမ်းအားကောင်း၊ အစဉ်အလာကောင်းများနဲ့တကွ အမျိုးသားယဉ်ကျေးမှုအဆောက်အအုံကြီးရဲ့ ကောင်းမြတ်တဲ့ဂုဏ်ရည်တွေကို ရိုးရာ အစဉ်အလာမပျက် ဆင့်ပွားတိုးတက်စေပြီး အနာဂတ်ကာလတိုင် လက်ဆင့်ကမ်းလွှဲပြောင်းသွားနိုင်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ယနေ့အချိန်အခါလို ကမ္ဘာ့နိုင်ငံအများ အပြန်အလှန်ဆက်စပ်ရိုက်ခတ်ပြောင်းလဲဖြစ်ပေါ်နေတဲ့ Globalization ကာလမျိုးမှာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေး ဥပဓိရုပ်လက္ခဏာ လျော့ပါးပျောက်ဆုံး မသွားစေဖို့ဆိုရာမှာ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေ၊ အမျိုးသားရေးစရိုက်လက္ခဏာတွေ ယိုယွင်းတိမ်းပါးမသွားစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုစွမ်းအားအပေါ် မူတည်လျက်ရှိပါတယ်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာနဲ့ တိုးမြှင့်ဆက်ဆံဆောင်ရွက်ရမှုတွေ၊ ခေတ်မီဆက်သွယ်ရေးနည်းပညာ တိုးတက်ပြောင်းလဲမှုများရဲ့ ရိုက်ခတ်မှုတွေ၊ စီးပွားရေးကူးလူးဆက်ဆံမှုများရဲ့ လွှမ်းမိုးမှုတွေကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ရိုးရာဓလေ့အစဉ်အလာနဲ့ မအပ်စပ်တဲ့ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုတွေကို အမျိုးသားယဉ်ကျေးမှုကိုယ်ခံစွမ်းအားကောင်းကောင်းနဲ့ ကြံ့ကြံ့ခိုင်ခိုင် ကာကွယ်တားဆီးနိုင်ဖို့ လိုအပ်ပါတယ်။

အမျိုးသားရေးသတိ

အထူးသဖြင့် အမျိုးအနွယ်စောင့်ထိန်းတဲ့စိတ်ဓာတ်ကို အခြေခံပေါက်ဖွားလာတဲ့ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်မှုစွမ်းအားကို နိမ့်ပါးလျော့ကျလာစေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ယဉ်ကျေးမှုမျက်နှာစာ၊ စီးပွားရေးမျက်နှာစာများကတစ်ဆင့် တိုင်းတစ်ပါးကို အထင်ကြီးအားကျအောင် သိမ်မွေ့စွာ ထိုးဖောက်ဝင်ရောက် လုပ်ဆောင်လာနေတဲ့ စိတ်ဓာတ်ရေးရာ၊ ယဉ်ကျေးမှုရေးရာ လွှမ်းမိုးခြယ်လှယ်မှု အသွင်သဏ္ဌာန်အမျိုးမျိုးကို အမျိုးသားရေးသတိနဲ့ ရှုမြင်တားဆီးနိုင်ဖို့ အလွန်မှအရေးကြီးပါတယ်။

မိမိတို့ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုရဲ့ အဆင့်အတန်းမြင့်မားမှု၊ လူမှုရေး၊ ဘာသာရေး၊ လောကီရေး၊ လောကုတ္တရာရေး အဘက်ဘက်က လေးနက်ပြည့်စုံမှု၊ တရားစီရင်ရေး၊ ဥပဒေရေး၊ စီမံခန့်ခွဲရေး၊ သံခင်းတမန်ခင်း၊ စစ်ရေးစစ်ရာ သေနင်္ဗျူဟာ အတွေးအခေါ်မြော်မြင်မှုစတဲ့ နယ်ပယ်ကဏ္ဍစုံမှာ အခြေခိုင်ခံ့ကြွယ်ဝမှုတို့ကို သိမြင်အောင် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွားမှုကတစ်ဆင့် ပြည်သူများရဲ့ ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်ကို နိုးကြားထက်သန်စေမှာဖြစ်ပါတယ်။

ကြိုးပမ်းဆောင်ရွက်

ဒါကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပပေးပြီး မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များရဲ့ ပညာခန်းအနှစ်သာရများ လက်ဆင့်ကမ်း ရှင်သန်ထွန်းကားစေဖို့သာမက မြန်မာ့ရိုးရာအနုပညာရပ်များမှာ နက်ရှိုင်းစွာ စိမ့်ဝင်လွှမ်းခြုံနေတဲ့ မြန်မာ့ဂုဏ်ရည်များကိုပါ ဖော်ထုတ်မြှင့်တင်ပေးနိုင်စေရအောင် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

မိမိတို့မြန်မာလူမျိုးများဟာ နက်နဲသိမ်မွေ့တဲ့တွေးခေါ်မြော်မြင်မှု သဘောတရားတွေ၊ ထေရဝါဒဗုဒ္ဓဘာသာရဲ့ နက်ရှိုင်းလေးနက်တဲ့ အဆုံးအမတရားတွေ၊ လူသားချင်းစာနာ ထောက်ထားမှု၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန် အလေးအမြတ်ပြုမှုတို့အပေါ် အခြေခံထားတဲ့ လူမှုကျင့်ဝတ်ကျင့်စဉ်တွေနဲ့ လူမှုတန်ဖိုးတွေ ပေါင်းစည်းယှက်နွယ်ပြီး အခြေခိုင်ခံ့စွာ ဆင့်ပွားဖြစ်ထွန်းလာခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းစဉ်လာကောင်းတွေကို မြန်မာ့သမိုင်းဦးအစကာလကပင် ခံယူကျင့်သုံးပိုင်ဆိုင်လာခဲ့ကြတာ ဖြစ်ပါတယ်။

ဒီအမျိုးသားရေး အဆီအနှစ်၊ အမျိုးသားရေးအနှစ်သာရတွေကို မြန်မာ့စာပေကျမ်းဂန်များမှာသာမက ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာ၊ မော်ကွန်းတွေ၊ နီတိကျမ်းနဲ့ ဆုံးမစာတွေမှာပါ ရေးခြယ်သီကုံးဖွဲ့ဆိုထားကြသလို မဟာဂီတတေးသီချင်းများနဲ့ ဇာတ်သဘင်၊ ရုပ်သေးသဘင် တင်ဆက်ညွှန်းဖွဲ့မှုများမှာလည်း စိမ့်ဝင်လွှမ်းခြုံလျက်ရှိပါတယ်။

အထူးသဖြင့် မြန်မာ့ဇာတ်သဘင်ရဲ့ ထူးခြားလေးနက်တဲ့ ဂုဏ်ဒြပ်တစ်ခုဖြစ်တဲ့ စာပေနဲ့နီးစပ်စွာ ကူးလူးဆက်နွှယ် အပြန်အလှန်အကျိုးပြု ဖြစ်ထွန်းနေမှု၊ ကဗျာလင်္ကာ၊ ဇာတ်၊ စကားပြေဆိုတဲ့ မြန်မာစာပေရဲ့ ပင်မအခက်အလက်သုံးခုဟာ မြန်မာ့ဇာတ်သဘင်မှာ ယှက်နွယ်ပေါင်းစည်းနေမှုဆိုတဲ့ ဂုဏ်ဒြပ်ကြောင့် စာပေရဲ့ အဆီအနှစ်၊ ဇာတ်သဘင်ရဲ့ အခေါင်အညွှန့်တို့ ပေါင်းဆုံပြီး မြန်မာ့ဇာတ်သဘင်ဟာ မြန်မာမှု မြန်မာ့ဂုဏ်ရည်တို့ဖြင့် ဘက်ပေါင်းစုံမှာ ထုံမွှမ်းလျက်ရှိခြင်းဖြစ်ပါတယ်။

စာပေနဲ့ဇာတ်သဘင် ကူးလူးဆက်နွှယ်မှုရဲ့ ထင်ရှားတဲ့သာဓကကတော့ ယခု(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပြန်လည်ဖော်ထုတ် ယှဉ်ပြိုင်စေတဲ့ **"ကွက်စိပ်"** ပညာပဲ ဖြစ်ပါတယ်။ **"ကွက်စိပ်"**ဟာ **"စာပြော"**ပညာကဲ့သို့ပင် စာပေနဲ့ ဇာတ်သဘင်ရဲ့အလယ်မှာ ပေါင်းကူးတည်ရှိနေတဲ့ မြန်မာ့အနုပညာရပ်စစ်စစ်တစ်ခုဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ဟာ ရသတင်ဆက်မှုကို အကြားအာရုံသက်သက်ဖြင့် သီးသီးသန့်သန့် နားကြားခံစားတတ်တဲ့ စွမ်းအားနဲ့ပြည့်စုံကြတာကြောင့် မြန်မာ့နန်းတွင်းမှာ **"စာတော်ဖတ်များ"**က ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတားစတဲ့ လင်္ကာများ၊ နန်းတွင်း ပြဇာတ်နဲ့ ဇာတ်တော်ကြီးများကို ဖတ်ကြားတင်ဆက်ရတဲ့ အလေ့အထ ရှိခဲ့သလို ပြည်သူများအကြားမှာလဲ စာပြောနဲ့ ကွက်စိပ်ပညာများ တွင်ကျယ်ခေတ်စားခဲ့တာ တွေ့ရပါတယ်။

ပြန်လည်ဖော်ထုတ်

ဒါကြောင့် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေတဲ့ မြန်မာ့ရိုးရာအနုပညာရပ်စစ်စစ်တစ်ခုဖြစ်တဲ့ **"ကွက်စိပ်"**ကို ပြန်လည်မြှင့်တင်ချီးမြှောက်တဲ့အနေနဲ့ ယခုပြန်လည်ဖော်ထုတ်ပေးခြင်းဖြစ်ပါတယ်။ အလားတူပဲ မြန်မာ့အနုသုခုမပညာသမိုင်းခေတ်အဆက်ဆက်မှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ မြုပ်ချည် တစ်ခါ၊ ပေါ်ချည်တစ်လှည့် တွင်ကျယ်ခေတ်စားခဲ့တဲ့ **"ပြဇာတ်"**ကို ယခုနှစ် ပြိုင်ပွဲကြီးမှာ ပြန်လည်ဖော်ထုတ်ပေးလိုက်ပါတယ်။

စာပေအသွင်သဏ္ဌာန်နဲ့ စတင်ပေါ်ထွန်းလာခဲ့တဲ့ ပြဇာတ်ဟာ တန်းဝင်ပြဇာတ်တစ်ခုအဆင့်မှာ ပထမဆုံးသော မြန်မာ့ပြဇာတ်လို့ ပညာရှင်များခံယူထားကြတဲ့ ဝန်ကြီးပဒေသရာဇာရဲ့ မဏိကက်ပြဇာတ်မှ စတင်ရေတွက်ရင် မြန်မာ့ပြဇာတ်ဟာ သက်တမ်း နှစ်ပေါင်း နှစ်ရာကျော်ခဲ့ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြဇာတ်စာပေအဖြစ်သော်လည်းကောင်း၊ နန်းတွင်းပြဇာတ်ကြီးများ အဖြစ်သော်လည်းကောင်း၊ ခေတ်ပေါ် စင်တင်ပြဇာတ်များအဖြစ်သော်လည်းကောင်း ပြဇာတ်ဟာ ခေတ်အဆက်ဆက်မှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ မြန်မာပြည်သူများအကြားမှာ တွင်ကျယ်လွှမ်းမိုးခဲ့တာ တွေ့ရပါတယ်။

အသွင်သဏ္ဌာန်အမျိုးမျိုး

အဆို၊ အပြော၊ အတီး၊ အက မဏ္ဍိုင်လေးရပ်နဲ့ပေါင်းစည်းထားတဲ့ ပြဇာတ်ဟာ သန်ရာသန်ရာပညာရပ်အလိုက် အပြောပြဇာတ်၊ ဂီတပြဇာတ်၊ ကဇာတ်၊ တေးသရုပ်ဖော်ပြဇာတ် စသည်ဖြင့် အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်ထွန်းလာခဲ့ရာမှာ ယနေ့တင်ဆက် ယှဉ်ပြိုင်စေတဲ့ အဆို၊ အပြော၊ ဂီတမဏ္ဍိုင်သုံးမျိုးပေါင်းစပ်ထားတဲ့ ခေတ်ပြဇာတ်ပုံစံဟာ မြန်မာ့လွတ်လပ်ရေး မတိုင်မီကာလ အထူးသဖြင့် စစ်အတွင်းကာလကစတင်ပြီး မြန်မာပြည်သူများကြားမှာ ခေတ်တစ်ခေတ်ဆန်းသစ်ခဲ့တဲ့ အနုပညာရပ်တစ်ခုပဲဖြစ်ပါတယ်။

မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်ရဲ့ တာဝန်ကိုရယူခဲ့ရချိန်မှာ သဘင်၊ ဂီတ၊ ရုပ်ရှင်ပညာရှင်များကို အားပေးစည်းရုံးပြီး **"ဝဇီရာပြဇာတ်"**တစ်ခေတ်ကို စတင်အခြေတည်ပေးခဲ့ဖူးပါတယ်။ အကြောင်းကြောင်းတွေကြောင့် ရေရှည်မတည်တံ့နိုင်ခဲ့သော်လည်း ဒီဝဇီရာပြဇာတ်က မွေးထုတ်ပေးလိုက်တဲ့ မျိုးဆက်သစ် အနုပညာရှင်များဟာ ရုပ်ရှင်၊ သဘင်၊ ဂီတလောကမှာ ထိုက်တန်တဲ့နေရာများရရှိခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့်မြန်မာ့အနုပညာရဲ့ အကိုင်းအခက်အစိတ်အပိုင်းတစ်ခု အဖြစ်သော်လည်းကောင်း၊ ပြည်သူများရဲ့ စိတ်နှလုံးကို ရင်းနှီးကျွမ်းဝင်ဆွဲဆောင်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ အနုပညာတစ်ရပ်အနေဖြင့်သော်လည်းကောင်း ယခုပြိုင်ပွဲကြီးမှာ **"ပြဇာတ်"**ကို ပြန်လည်ဖော်ထုတ်ပေးရခြင်း ဖြစ်ပါတယ်။

ပြိုင်ပွဲဝင်ပြဇာတ်အနုပညာရှင်များကလည်း နိုင်ငံတော်အစိုးရရဲ့ စေတနာကို သိမြင်တုံ့ပြန်တဲ့အနေနဲ့ ပြဇာတ်အနုပညာရဲ့ ပြည်သူများအပေါ် စည်းရုံးစေ့ဆော်ဆွဲဆောင်သိမ်းသွင်းနိုင်တဲ့ စွမ်းအားကိုအပြည့်အဝဖြင့် ထိရောက်စွာ အသုံးချပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများရဲ့ မွန်မြတ်မြင့်မားတဲ့ ရည်မှန်းချက်များအောင်မြင်ပြည့်မြောက်စေရအောင် ဦးတည်ကြိုးပမ်းတင်ဆက်ယှဉ်ပြိုင်သွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခြားအခြားသော ပြိုင်ပွဲအမျိုးအစားကဏ္ဍများအားလုံးမှာလည်း (၁၅)ကြိမ်မြောက် ပြိုင်ပွဲအဆင့်ရောက်ရှိသည်အထိ အတွေ့အကြုံကောင်း၊ အစဉ်အလာကောင်းများရရှိပြီးဖြစ်တာနဲ့အညီ ပြိုင်ပွဲကြီးရဲ့မွန်မြတ်မြင့်မားတဲ့ ရည်မှန်းချက်များ အောင်မြင်သည်အထိ ဦးတည်ကြိုးပမ်းတင်ဆက်ယှဉ်ပြိုင်နိုင်ကြမှာ မလွဲဘူးလို့ စိတ်ချယုံကြည်ထားပါတယ်။

ဒါ့အပြင် ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြမယ်ဆိုတဲ့ တူညီသောစိတ်ဝမ်းဖြင့် အတူယှဉ်တွဲအားထုတ်ကြိုးပမ်းကြခြင်းအားဖြင့် ပြိုင်ပွဲဝင်အနုပညာရှင်များအကြား ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ထား၊ ထိုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ ပိုမိုတိုးပွားခိုင်ခံ့လာလိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်။

အတူတကွနေထိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်လို့ ယနေ့ခေါ်တွင်နေတဲ့ နယ်နိမိတ်အဝန်းအဝိုင်းအတွင်း ရှေးနှစ်ပေါင်းအတီတေကစတင်ပြီး မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြရာက နှစ်ပေါင်းထောင်ချီတဲ့ သမိုင်းစဉ်ကာလတစ်လျှောက်မှာ တိုင်းရင်းသားအားလုံးရဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတွေ၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်ကျင့်ကြံမှု၊ အမူအကျင့် ဓလေ့စရိုက်တွေ၊ တွေးခေါ်မြော်မြင်မှုအယူအဆသဘောတရားတွေ၊ သုတ၊ ရသတီထွင်ဖန်တီး သီကုံးစီခြယ်မှု အနုပညာရပ်တွေအားလုံးပေါင်းစုံ ရောယှက်ပြီး မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးအဖြစ် ပေါ်ထွန်းဖြစ်တည် တည်တံ့နေခဲ့တာ ယနေ့ထက်တိုင်ပဲဖြစ်ပါတယ်။

ဒီမြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးဟာ မြန်မာ့ရေမြေသဘာဝ၊ မြန်မာတိုင်းရင်းနွယ်ဖွား လူမျိုးစုများအားလုံးရဲ့ မျိုးရိုးဗီဇတို့က ပေါက်ဖွားလာတာဖြစ်တဲ့အလျောက် မြန်မာ့လူ့ဘောင်နဲ့ ဆီလျော်အအပ်စပ်ဆုံးလည်းဖြစ်ပါတယ်။

ယနေ့တိုင် ခမ်းနားထည်ဝါဆဲ၊ တင့်တယ်ခိုင်ခံ့ဆဲ၊ မြန်မာလူမျိုးတို့ရဲ့နှလုံးအိမ်ထဲမှာ စွဲမြဲနေရာယူဆဲဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုတောက်ပြောင်ခမ်းနားအောင်၊ ခေတ်ကာလနဲ့လျော်ညီစွာ တိုးတက်စည်ပင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ပေးကြဖို့ဟာ တစ်မျိုးသားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။

ကြိုးပမ်းအားထုတ်

ပစ္စုပ္ပန်ကာလရဲ့ လိုအပ်ချက်လည်းဖြစ်၊ အတိတ်သမိုင်းရဲ့ စေ့ဆော်မှုလည်းဖြစ်တဲ့အပြင် အနာဂတ်ကာလရဲ့ တောင်းဆိုမှုလည်းဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးကအစပြုတဲ့ ဒီအမျိုးသားရေးတာဝန်ကြီးကို ဆင်ခြင်နှလုံးသွင်းရင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ ဦးတည်ချက်များ အောင်မြင်ပြည့်မြောက်စေရအောင် အားလုံးက ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့–

- **အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ အမျိုးသားရေးစံနှုန်းများနဲ့ လူမှုတန်ဖိုးစွမ်းအားများ ပိုမို အားပြည့်ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုတို့ကို ခံစားသိမြင်စေခြင်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝရနိုးကြားရှင်သန်စေပြီး တိုင်းတစ်ပါး ယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးနိုင်စေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ**

လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

18-10 (03) 1 10/18/07, 3:29 AM

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးကို ပဲခူးတိုင်း ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့်အခြေခံမူများသည် အမျိုးသားရေးမူဝါဒပေါ်တွင် အခြေခံရေးဆွဲထားခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

တည်ငြိမ်အေးချမ်းမှုကို ထိပါးနှောင့်ယှက်မည့် ပြည်တွင်းပြည်ပအဖျက်သမားဟူသမျှ တွန်းလှန်ချေဖျက်

ရန်ကုန် အောက်တိုဘာ ၁၇

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးကို အောက်တိုဘာ ၁၅ရက် နံနက် ၆နာရီခွဲက ပဲခူးတိုင်း ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ပဲခူးတိုင်းမှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

အဆိုပါ လူထုအစည်းအဝေးကြီးသို့ ပဲခူးတိုင်း၊ ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ရွှေကျင်၊ ညောင်လေးပင်၊ ကျောက်တံခါး မြို့နယ်တို့နှင့် တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်တို့မှ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးတို့မှ ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀၀၀ ကျော်တို့တက်ရောက်ကြသည်။

လူထုအစည်းအဝေးကြီး မစတင်မီ နံနက် ၅နာရီမှ စတင်၍ စစ်ကြောင်းမှူး ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးဝင်းခိုင် ဦးဆောင်သော ပဲခူးစစ်ကြောင်းသည် ရွှေမော်ဓောစေတီ အနောက်ဘက်မုခ်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ဇင်ဝင်း ဦးဆောင်သော တောင်ငူစစ်ကြောင်းသည် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှေ့ စုရပ်မှလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကိုင်အဖွဲ့များ ဦးဆောင်ကာ စစ်ကြောင်းပုံဖြင့် စနစ်တကျချီတက်ကြပြီး လူထုအစည်းအဝေးကြီးကျင်းပမည့် တိုင်းအားကစားကွင်းကြီးသို့ ဝင်ရောက်နေရာယူကြသည်။

စနစ်တကျချီတက်

ယင်းသို့ စစ်ကြောင်းကြီးများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကို တလူလူလွင့်ထူ ကိုင်ဆောင်၍ တိုင်းအားကစားကွင်းကြီးသို့ စည်းကမ်းတကျဖြင့် ချီတက်နေရာယူကြရာတွင် ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်) ဟူသည့် ကြွေးကြော်သံများကို အားမာန်အပြည့်ဖြင့် တစ်ခဲနက် ကြွေးကြော်ကြပြီး ခရိုင်စစ်ကြောင်း အမည်၊ မြို့နယ်တို့၏ အမည် စာတန်းများကို ကိုင်ဆောင်၍လည်းကောင်း၊ "နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ"၊ "အမျိုးသားညီလာခံအား ထောက်ခံသည်"၊ "ဖွဲ့စည်းပုံအခြေခံဥပဒေအား ကြိုဆိုသည်"၊ "ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ"၊ "ဗိုလ်ကျစိုးမိုးရေးဝါဒ ကျဆုံးပါစေ"၊ "ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ"၊ "မိုးလုံးပြည့် မုသာဝါဒီ VOA, BBC, RFA, DVB အလိုမရှိ"၊ "ဆူပူအကြမ်းဖက်မှုကို မလိုလား"၊ "ဆူပူအုံကြွအောင်လုပ်သူ ပြည်သူ့ရန်သူ"၊ "တည်ငြိမ်မှုကို လိုလားသည်"၊ အေးချမ်းမှုကို လိုလားသည်" စသည့် လက်ကိုင်ပိုစတာများကိုကိုင်ဆောင်၍လည်းကောင်း စနစ်တကျ ချီတက်ကြသည်။

လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စမ်းစမ်းမြင့်၊ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး တင်မြင့်(အငြိမ်းစား)၊ ပဲခူးမြို့မှ မြို့မိမြို့ဖများဖြစ်ကြသော ဦးလှနှင့်ဦးခင်မောင်ထွေးတို့က ဆောင်ရွက်ကြသည်။

လူထုအစည်းအဝေးကြီးတွင် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်ရွှေစင်မြတ်သိမ့်ကြွယ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်သိမ့်သိမ့်ခိုင်က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ လူထုအစည်းအဝေးကြီး စတင်ကြောင်း ကြေညာကာ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုပွဲ လူထု အစည်းအဝေးကြီးတွင် သဘာပတိ တောင်ငူ တက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် သဘာပတိ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် **နိုင်ငံတော်၏ အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အဖွဲ့အစည်းများအား အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် စတင်ကာ ဦးတည်ချက်(၆)ရပ်နှင့်အညီ ကျင်းပနိုင်ခဲ့ကြောင်း။**

ကျောခိုင်းသွား

သို့သော်လည်း ပြည်တွင်း ပြည်ပ ပယောဂများကြောင့် ညီလာခံတွင် တက်ရောက်နေသော NLD ပါတီမှ ကိုယ်စားလှယ်များ ကျောခိုင်းသွား၍ အမျိုးသား ညီလာခံကြီးကို (၁၉၉၆)ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း။

ယာယီရပ်ဆိုင်းခဲ့သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ထုတ်ပြန်ခဲ့ပြီး ပထမအဆင့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ရာ ယခုအခါ လုံးဝဥဿုံ အောင်မြင်စွာပြီးစီးခဲ့ပြီ ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် ပါဝင်ကြသည့် အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ် (၁၀၇၁)ဦးသည် အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုး ကိုယ်စီကိုယ်စ ရှိကြသော်လည်း ပြည်ထောင်စုအကျိုးကို ဦးထိပ်ထားပြီး ညှိနှိုင်းဆွေးနွေး အကြံပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ ရရှိခဲ့ခြင်းဖြစ်ကြောင်း။

ထည့်သွင်းဖွဲ့စည်း

မြန်မာနိုင်ငံတွင် (၁၉၄၇)ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား နယ်ချဲ့လက်အောက်တွင် ရေးဆွဲခဲ့ရခြင်းဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ရှမ်း စသည့် ပြည်နယ် လေးပြည်နယ်တို့သာ ထည့်သွင်း ဖွဲ့စည်းပေးထားခဲ့ခြင်း ဖြစ်ကြောင်း။

(၁၉၇၄)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်ကို ကျင့်သုံးပြီး ဗဟိုကချုပ်ကိုင်သည့်စီးပွားရေးစနစ်ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ချင်း၊ မွန်နှင့် ရခိုင် တိုင်းရင်းသားများကိုပါ ပြည်နယ်ဖွဲ့စည်းခွင့်ပေးထားခဲ့ကြောင်း။

အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်မူ ပြည်ထောင်စုကြီးကို တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုအပြင် 'ဝ' တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်စသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု တို့ကိုပါ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

အပြန်အလှန်ထိန်းကျောင်း

ထို့အပြင် တိုင်းဒေသကြီးများ၊ ပြည်နယ်များပါ အစိုးရအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာများကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်နှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရန်ဆိုသည့် အခြေခံမူနှင့်အညီ ပြည်ထောင်စု တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသွားမည်ဖြစ်ကြောင်း။

ယခုချမှတ်လိုက်သည့် အခြေခံမူများသည် တိုင်းရင်းသား အခွင့်အရေးများကို ပကတိ အရှိတရားအပေါ်တွင် အခြေခံပြီး အထူးတလည် ပေးအပ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများအပေါ် အခြေခံကာ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီး ပြည်သူလူထု၏ ဆန္ဒခံယူအတည်ပြုချက်ရယူကာ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

အခြေခံအုတ်မြစ်

အမျိုးသားညီလာခံကြီး ယခုကဲ့သို့ချောမွေ့စွာအောင်မြင်ပြီးစီးနိုင်ရေးအတွက် ကိုယ်စားလှယ်တော်ကြီးများသည် မိမိတို့၏စီးပွားရေး၊ လူမှုရေးများကိုစွန့်လွှတ် အနစ်နာခံကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အားထုတ်ကြိုးပမ်းမှုတို့ကြောင့်ပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် မျိုးချစ်စိတ်ဓာတ်များသည် ဒို့တာဝန်အရေး(၃)ပါး၏ အခြေခံအုတ်မြစ်များပင်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ များပြားလှပြီးရှည်လျားလှသော သမိုင်းကြောင်းများရှိသည့်အတွက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အလွန်အရေးကြီးလှပါကြောင်း၊ ယခင်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခြင်းမပြုနိုင်ခဲ့သည့်အတွက် အထင်အမြင်လွဲမှားမှုများ ဖြစ်ခဲ့ရပြီးတည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် ဆက်နွယ်ပြီး ဖွံ့ဖြိုးတိုးတက်မှုပါ နောက်ကျခဲ့ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဥပဒေဘောင်အတွင်းဝင်ရောက်

ခေတ်အဆက်ဆက်က အစိုးရကိုဆန့်ကျင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးကိုရယူနိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း များစွာသည်ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးကို ထမ်းဆောင်လာခဲ့ကြကြောင်း။

ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ရပ်တည်နိုင်ရေးအတွက် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် စည်းရုံးရေးစွမ်းအားများ တောင့်တင်းခိုင်မာစေရန် လိုအပ်ကြောင်း၊ အဆိုပါအချက်များနှင့် ပြည့်စုံစေသည့် အခြေခံမူများကို အနာဂတ်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းမည်ဖြစ်သလို စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ် ဖြစ်ထွန်းပါမှလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ဒီမိုကရေစီဆိုသည်မှာ အမိနိုင်ငံတော်နှင့် ပြည်သူများကို လွတ်လပ်စွာနှောင့်ယှက်ခွင့်၊ ဒုက္ခပေးခွင့်၊ မိမိတို့အာဏာရရေးအတွက်မည်သည့်အရာမဆို လုပ်ပိုင်ခွင့်ရှိသည်ဆိုသည့်အယူအဆ အမှားများနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေကြောင်း၊ ဒီမိုကရေစီကို ရပိုင်ခွင့်တစ်ခုအနေဖြင့် အသုံးပြုမည့်အစား အများအကျိုးရှိအောင် ရိုးသားဖြူစင်သည့် အကျင့်သီလများနှင့် တွေးခေါ်၊ ရေးသား၊ ပြုမူနေထိုင်ကြရမည်ဖြစ်ကြောင်း။

ဝင်ရောက်စွက်ဖက်ခြယ်လှယ်

ယခုအခါမှာ ကိုလိုနီလက်သစ်များသည် နိုင်ငံငယ်လေးများ၏ပြည်တွင်းရေးကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး ဝင်ရောက်စွက်ဖက်ခြယ်လှယ်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများ အကြောင်းပြပြီး သတင်းမီဒီယာများမှတစ်ဆင့် ၎င်းတို့၏ပစ်မှတ်အဖြစ် သတ်မှတ်ထားသည့် နိုင်ငံများအပေါ် သွေးထိုးမြှောက်ပင့်ပေးကာ ဆူပူအကြမ်းဖက်မှုများ ဖြစ်လာအောင်ဆောင်ရွက်နေကြကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် စီးပွားရေးပိတ်ဆို့မှုများကို ချမှတ်ပြီး ပြည်သူများ ဆင်းရဲဒုက္ခရောက်အောင်လုပ်ဆောင်နေကြကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများသည် ရည်မှန်းချက်၏ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ဒီမိုကရေစီလမ်းကြောင်းကို နှောင့်နှေးစေမည့် အဟန့်အတားများသာ ဖြစ်စေကြောင်းကို ထောက်ပြလိုပါကြောင်း။

ပြည်သူများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး ပကတိအခြေအနေမှန်အတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထိုသို့မဟုတ်ဘဲ တိုင်းတစ်ပါးအဖျက်သမားများ၏ မြှောက်ထိုးမှုများအတိုင်း ပေးကမ်းချီးမြှောက်မှုများကိုမျှော်ကိုးပြီး နိုင်ငံတော်ကို ဆန့်ကျင်နေမည်ဆိုလျှင် ပြည်သူများမျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်အား လှမ်းကိုင်နိုင်ရန် အခက်အခဲနှင့် တွေ့ကြုံနေရမည်သာ ဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက် ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်စိုး ဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)

ဝိုင်းဝန်းကြိုးပမ်း

ထိုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိအခြေအနေမှန်ကိုမသိသော တိုင်းတစ်ပါး၏ လိုလားချက်များအတိုင်း ဆောင်ရွက်နေကြမည့်အစား နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးမှုရှိပြီး ပြည်တွင်းက စစ်မှန်သည့် အင်အားများဖြစ်သည့် နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူများ၏ စွမ်းအားများဖြင့် ပူးပေါင်းကာ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးကို လေးလေးနက်နက် တိုက်တွန်းပြောကြားလိုသည်မှာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးအား ယုံကြည်လေးစားထောက်ခံကြောင်းနှင့် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဆက်လက်ခံယူ ကျင့်သုံးသွားပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေးကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အရင်းခံပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ် အင်တိုက်အားတိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု ပြောကြားသွားသည်။

ယင်းနောက် ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်စိုးက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို တင်သွင်းရာတွင် ယနေ့ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသား လူမျိုး၁၀၀ကျော်ကို ကိုယ်စားပြုသော တိုင်းရင်းသားကိုယ်စားလှယ်များ၊ တရားဝင်ရပ်တည်နေသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါမကျန် အဖွဲ့အစည်းပေါင်းစုံကို ကိုယ်စားပြုသော စစ်မှန်သည့် အမျိုးသားညီလာခံကြီးပင်ဖြစ်ကြောင်း။

အဆိုပါညီလာခံကြီးတွင် မိမိတို့ပဲခူးတိုင်းကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်၂၅ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ်လေးဦး၊ အလုပ်သမားကိုယ်စားလှယ်သုံးဦးနှင့် အသိပညာရှင် အတတ်ပညာရှင်အစုအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး စုစုပေါင်းကိုယ်စားလှယ်၃၃ဦးတို့ တက်ရောက်ခဲ့ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများကိုကြည့်မည်ဆိုလျှင်လည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃)ပါးဖြစ်သည့် အမျိုးသားရေးမူဝါဒပေါ်တွင်အခြေခံပြီး ရေးဆွဲထားခြင်း ဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

ပိုမိုရရှိခံစား

အမျိုးသားညီလာခံကြီးကချမှတ်လိုက်သည့် အခြေခံမူများသည် ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ခုနှစ်အခြေခံဥပဒေများနှင့် များစွာကွာခြားသည်ကို လေ့လာသိရှိရကြောင်း၊ ယခုချမှတ်လိုက်သည့် အခြေခံမူများသည် တိုင်းရင်းသားများအတွက် အခွင့်အရေးများ ပိုမိုရရှိခံစားစေကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခုတို့ကိုပါ ပြည်ထောင်စုကြီးအတွင်း ထည့်သွင်းဖွဲ့စည်းပေးခဲ့ကြောင်း။

ထို့အပြင် ပြည်နယ်နှင့်တိုင်းဒေသများတွင် အစိုးရအဖွဲ့များထားရှိပြီး ဝန်ကြီးချုပ်များဖြင့် စီမံအုပ်ချုပ်သွားမှာဖြစ်သည့်အပြင် ဥပဒေပြုရေးအာဏာများကိုပါ ခွဲဝေကျင့်သုံးပိုင်ခွင့်ပေးထားကြောင်း၊ ပြည်နယ်နှင့်တိုင်းလွှတ်တော်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် နိုင်ငံတော်လူဦးရေ၏ ဝဒသမဘာရာခိုင်နှုန်းနှင့်အထက်လူဦးရေရှိသည့် လူမျိုးတစ်မျိုးတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးကျစီ ရရှိမှာဖြစ်ကြောင်း။

ဘာသာရေးနှင့်ပတ်သက်၍ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ သာသနာရေးတွင် လွတ်လပ်စွာကိုးကွယ်ယူဆနိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်ဟူသော အခြေခံမူကိုလည်း ထည့်သွင်းပေးထားကြောင်း။

အာမခံချက်ပေးထား

စီးပွားရေးဆိုင်ရာအခြေခံမူများထဲတွင် နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုသကဲ့သို့ တရားဝင် ထုတ်ဝေထားသော ငွေကြေးများကိုလည်း တရားမဝင်ငွေကြေးအဖြစ်သိမ်းယူခြင်းမပြုဟု အများပြည်သူ အကျိုးစီးပွားရေးအတွက် အာမခံချက်ပေးထားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံခြားရေးနှင့်ပတ်သက်ပြီး အခြေခံမူများထဲတွင် နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့်နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှာဖြစ်ကြောင်း၊ အခြားမည်သည့်နိုင်ငံကိုမှ ကျူးကျော်ခြင်းမပြုသကဲ့သို့ မိမိ နိုင်ငံအတွင်းမှာလည်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု အမျိုးသားရေးအကျိုးကိုမျှော်မှန်းပြီး ရေးဆွဲချမှတ်ထားသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက် ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သူဇာသောင်း ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ယနေ့အချိန်အခါတွင် ပြည်တွင်းပြည်ပအဖျက်သမားများသည် နိုင်ငံအတွင်း မငြိမ်သက်မှုများဖြစ်လာအောင် ဖန်တီးပေးရင်း မြေပေါ်မြေအောက် အဖျက်သမားများကို ငွေကြေးနှင့်အခြားပစ္စည်းများ ထောက်ပံ့ပေးနေခြင်းတို့ကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လာကြကြောင်း။

လီဆယ်လုပ်ကြံထုတ်လွှင့်

တစ်ဖက်တွင်လည်း ပြည်တွင်းဆူပူမှုများဖြစ်ပွားလာစေရန် ပြည်ပ အသံလွှင့်ဌာနများဖြစ်ကြသည့် BBC, VOA, RFAနှင့် DVB အသံလွှင့် ဌာနများနှင့် ပူးပေါင်းပြီး အမျိုးမျိုးဝါဒဖြန့်ချိကာ နေ့စဉ်လီဆယ်လုပ်ကြံ ထုတ်လွှင့်လျက်ရှိကြောင်း။

ယင်းသို့လုပ်ဆောင်နေခြင်းများသည် ပြည်သူတို့၏ အေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တညီတညွတ်တည်း လက်တွဲကြိုးပမ်းချီတက်လျက်ရှိသည့် အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို ထိခိုက်သွားစေနိုင်ကြောင်း။

သို့သော် ယနေ့ပြည်သူလူထုအများစုသည် တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကိုသာ လိုလားပြီး (၁၉၈၈)ခုနှစ်ကကဲ့သို့ ဆူပူအကြမ်းဖက်မှုများပေါ်ပေါက်မည်ကို မလိုလားကြကြောင်း။

အများပြည်သူတို့၏ အမှန်တကယ်လိုလားတောင့်တသည်မှာ အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားများ ဥမကွဲသိုက်မပျက် ခွင့်တူညီမျှနေထိုင်မှုဘဝဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ထောင်ရေးပင်ဖြစ်ကြောင်း။

ဆန့်ကျင်ဖယ်ရှား

ခေတ်ဟောင်း၊စနစ်ဟောင်း၊ အတွေးအခေါ်ဟောင်းများကို ဆန့်ကျင်ဖယ်ရှားလျက် နိုင်ငံတကာနှင့်တန်းတူရည်တူ သင့်မြတ်ထည်ဝါစွာဆက်ဆံရပ်တည်နိုင်ပြီဖြစ်သည့်အခြေအနေကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိမ်းလန်းစိုပြည်ရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံကောင်းများဖြစ်တည်လာချိန်တွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုကဏ္ဍသစ်ဖြင့် ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်နေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို အရင်းတည်လျက် နိုင်ငံတော်၏ပေါကြွယ်ဝသည့် သယံဇာတများ၊ စီးပွားရေးအရင်းအမြစ်များကို နိုင်ငံတော်ကအကျိုးရှိရှိအသုံးပြုကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ခေတ်မီ ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ အမြန်ရောက်ရှိစေရေးအတွက် လက်တွဲညီညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများထုတ်လွှင့်လျက်ရှိကြသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ခိုင်မာပြည့်စုံ

ထို့နောက် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သူဇာသောင်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မကြာသေးမီက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် ယခင်က ကျင့်သုံးခဲ့သည့် (၁၉၄၇)ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် (၁၉၇၄) ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ထက်ပိုပြီး ခိုင်မာပြည့်စုံမည်ဖြစ်ကြောင်း၊ ယခင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများနှင့် နှိုင်းယှဉ်ပါက ယခု ချမှတ်ထားသည့် အခြေခံမူများသည် မြန်မာနိုင်ငံ၏ ပကတိ အရှိတရားပေါ်တွင် အခြေခံပြီး တိုင်းရင်းသားများ၏ အခွင့်အရေးကို အထူးတလည် ပေးအပ်ထားကြောင်းကို ထင်ရှားစွာ တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်း၍–

– နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့ ခံစားခွင့်ရှိမည်ဟု ဆိုထားကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ရပိုင်ခွင့် အခွင့်အလမ်းများကို ခိုင်မာစွာ အာမခံပေးထားခြင်းဖြစ်ကြောင်း၊ ထို့အပြင် အသေးစိတ် အခြေခံရမည့်မူများတွင် အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်ဆိုသော အချက်ပါရှိသဖြင့် မိမိတို့ အမျိုးသမီးထုကြီးအနေဖြင့် ဝမ်းသာဂုဏ်ယူကျေနပ်အားရမိပါကြောင်း။

ကာကွယ်စောင့်ရှောက်

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်ဖြင့် ဖွဲ့စည်းထားပြီး ပြည်ထောင်စုကြီးအတွင်း အတူတကွ အေးချမ်းသာယာစွာ နေနိုင်ရေးအတွက် အခြေခံဥပဒေလွှမ်းမိုးမှုသည် အမှန်တကယ် လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ အခြေခံဥပဒေက ပေးအပ်မည့် နိုင်ငံသားများ၊ တိုင်းရင်းသားများ၊ လူထုလူတန်းစားများ အားလုံး၏ အခွင့်အရေးများ ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံ ရရှိမည်ဖြစ်သကဲ့သို့ အခြေခံဥပဒေချောချောမောမော ပြည့်ပြည့်စုံစုံ ခံ့ခံ့ညားညား ပေါ်ထွက်လာရန်နှင့် ပေါ်ထွက်လာမည့် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်လည်း တာဝန်ရှိမည်ဖြစ်ကြောင်း။

နိဂုံးချုပ် တင်ပြလိုသည်မှာ မိမိတို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ကြီးတည်ငြိမ်မှုနှင့်အေးချမ်းမှုကို လိုလားပါကြောင်း၊ နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း၊ ပြည်သူတစ်ရပ်လုံးက အသစ်ပေါ်ထွက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးရန် မျှော်လင့်စောင့်စားကာ အနာဂတ် ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးရန် အသင့်ဖြစ်နေပြီး ဖြစ်သည့်အတွက် အဆိုရှင် တင်သွင်းသွားသော အဆိုကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

တွန်းလှန်ချေဖျက်

ဆက်လက်၍ ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာဒေါ်နီနီကျော်က အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့နိုင်ငံတော်အစိုးရသည် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး အစိုးရအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်တိုက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စေတနာရှေ့ထားဆောင်ရွက်ရာတွင် နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းပါမှ မူဝါဒလမ်းစဉ်(၇)ရပ်သည် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး နိုင်ငံတော်အာဏာအား အရပ်သားအစိုးရလက်သို့ အမြန်ဆုံးလွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် လေလှိုင်းပေါ်ကလူသတ်သမားများဖြစ်သော ပြည်ပအသံလွှင့်ဌာနများဖြစ်ကြသည့် BBCက ညာနေပါသည်၊ VOAက လိမ်နေပါသည်၊ RFAနှင့် DVBတို့က မိုးလုံးပြည့်မုသာဝါဒသုံး၍ ရန်တိုက်ပေးနေကြပါသည်၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုကို ထိပါးနှောင့်ယှက်မည့် ပြည်တွင်းပြည်ပ အဖျက်သမားဟူသမျှကို မိမိတို့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းတွန်းလှန် ချေဖျက်သွားကြရမည်ဖြစ်ကြောင်း။

အောင်မြင်စွာကျင်းပနိုင်

နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာ၌ ပြည်သူအများစုက အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အပြုနှင့် အဖျက်စသော သဘောတရားများကို မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် အသိပညာကြွယ်ဝမှုရှိရန် လိုအပ်လှကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များ ရရှိစေရန် နိုင်ငံတော်အစိုးရက နေ့စဉ်နှင့်အမျှ လမ်းခင်းကြိုးပမ်းဖော်ဆောင်

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူ့စွမ်းအားများ ပူးပေါင်း၍ နိုင်ငံတော်သစ်တည်ဆောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စာမျက်နှာ ၅ မှ

ပေးနေသည့်အပြင် နိုင်ငံတော်သည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့်မူများထဲတွင် ပညာရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍–

- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်။**

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက် ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးတင်ဌေး(အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

- **နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်မည်**

ဆိုသည့် အချက်များပါဝင်ကြောင်း။

ပိုမိုပြည့်စုံကောင်းမွန်

ယင်းအချက်များသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေးအခွင့်အလမ်းများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးကို ဦးစားပေးဖော်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်ဟု ဖော်ပြထားသဖြင့် အနာဂတ် မိမိတို့မိခင်ကလေးများအတွက် ပိုမိုပြည့်စုံကောင်းမွန်လာမည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်တော်ကြီးများ၏ အကြံပြု တင်ပြချက်များ၊ သဘာပတိအဖွဲ့၏ စုစည်းသုံးသပ်ချက်များ၊ ကိုယ်စားလှယ်တော်ကြီးများက ပြန်လည်ဆွေးနွေးပြီး အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်မှုများကို ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် တစ်လုံးတစ်ပါဒမျှ မကျန်ရအောင် ထုတ်လွှင့်ဖော်ပြခဲ့ပြီး ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီး၏ အနှစ်သာရနှင့် ကိုယ်စားလှယ်တော်ကြီးများ၏ ကြိုးပမ်းချက်များကို နိုင်ငံတော်တစ်ဝန်းလုံးတွင် ရှိသည့် နိုင်ငံသားများသာမက ပြည်ပနိုင်ငံများကပါ လေ့လာသိရှိခဲ့ကြပြီဖြစ်ကြောင်း။

ကိုယ်စားလှယ်တော်ကြီးများချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်းချမှတ်ထားခဲ့ကြခြင်းဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲသည့်အခါ မလွဲမသွေ အခြေခံရမည့်အချက်များပင်ဖြစ်ကြောင်း။

နိဂုံးချုပ်တင်ပြလိုသည်မှာ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သော အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ကောင်းကျိုးပြုမည့် အခြေခံဥပဒေကို ပေါ်ပေါက်လာစေမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့်အခြေခံဥပဒေနှင့်အတူ ပြည်သူတို့လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်အတူ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ကျင်းပပြီးစီးခဲ့သောအမျိုးသားညီလာခံကြီး၏ အောင်မြင်ခြင်းနှင့်အတူ ပေါ်ပေါက်လာတော့မည်ဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသည့်**“အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက်ပဲခူးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးတင်ဌေး(အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်မည်ဖြစ်ကြောင်း တိုင်းသိ ပြည်သိ ကမ္ဘာသိ ကြေညာကာ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

အဟန့်အတား

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပအဟန့်အတားအနှောင့်အယှက်များကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း အတ္တစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲသန်သူများ၏ လုပ်ဆောင်မှုများကြောင့် အနိဋ္ဌာရုံဆိုးကျိုးများကို မိမိတို့အားလုံး ခံစားကြရပြီး ဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက် ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာဒေါ်နီနီကျော် ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ယနေ့နိုင်ငံတော်တွင် ၁၉၈၈ ခုနှစ် အရေးအခင်းကာလကကဲ့သို့ ဆူပူအုံကြွမှုများဖြစ်လာစေရန် စီးပွားရေးနှင့်လူမှုရေးကိုအကြောင်းပြပြီး ဆောင်ရွက်နေမှုများ၊ ယုံကြည်ကိုးကွယ်ရာဖြစ်သည့် ဘာသာရေးနယ်ပယ်များမှာပင် မရှောင်ဘဲ ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အနောက်အင်အားကြီး နိုင်ငံ တစ်နိုင်ငံအနေဖြင့် နိုင်ငံငယ်လေးများအပေါ် မငြိမ်မသက်မှုများကိုဖန်တီးပြီး နောက်ဆုံးအနေဖြင့် ဒီမိုကရေစီမရှိ၍၊ မငြိမ်သက်၍ ဒေသတွင်း နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်သည်ဆိုပြီး ဝင်ရောက်စွက်ဖက်မှုများပြုလုပ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယင်းသို့အဖျက်အမှောင့်လုပ်ရပ်များ၊ ဆူပူလှုံ့ဆော်မှုများနှင့် ဘေးပယောဂနိုင်ငံရေးအမြတ်ထုတ်မှုများကိုပြည်သူများအားလုံးက ဆန့်ကျင်ကြရမည်ဖြစ်ကြောင်း။

အားသွန်ခွန်စိုက်

နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ စီးပွားဥစ္စာ တောင့်တင်းခိုင်မာလာစေရေးနှင့် ပညာတတ်နိုင်ငံတော်ဖြစ်ပေါ်လာစေရေးတို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ အနှောင့်အယှက်အမျိုးမျိုးကြားက ကိုယ့်ခွန်ကိုယ့်အားဖြင့် အောင်မြင်အောင် အားထုတ်လုပ်ကိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ရရှိပြီးသည့် အောင်မြင်မှုများကနေ ပိုမိုတောက်ပသည့် အနာဂတ်ဖြစ်ပေါ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တပ်မတော်သည် တစ်အူထုံ့ဆင်း သွေးရင်းသားရင်း တိုင်းရင်းသားများမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် တပ်မတော်အနေဖြင့် အရေးကြီးဆုံး အခန်းကဏ္ဍက တာဝန်ယူဆောင်ရွက်ရကြောင်း။

တိုက်ပွဲဝင်ခဲ့

တစ်ချိန်က မိမိတို့၏နိုင်ငံတွင် ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့သည့်အတွက် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်ခံ ကျွန်သပေါက်အဖြစ်နှင့် နှစ်ပေါင်း ၁၀၀ကျော် ကျရောက်ခဲ့ကြောင်း၊ တပ်မတော်သည် တိုင်းရင်းသားညီအစ်ကိုအပေါင်းနှင့် စည်းလုံးညီညွတ်စွာ လက်တွဲပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရကြောင်း။

လွတ်လပ်ရေး ရပြီးပြန်တော့လည်း ပြည်တွင်း သောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်မှုအန္တရာယ်ကိုလည်း တပ်မတော်အနေဖြင့် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်ကာကွယ်ခဲ့ရကြောင်း၊ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ်တို့တွင် ပြည်ထောင်စုပြိုကွဲစေမည့် အန္တရာယ်များကိုလည်း တပ်မတော်အနေဖြင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တာဝန်ယူခဲ့ရကြောင်း။

ကာကွယ်စောင့်ရှောက်

လက်ရှိတွင်လည်း နယ်ချဲ့ကိုလိုနီလက်သစ်များသည် အချိန်မရွေး မိမိတို့နိုင်ငံကို ၎င်းတို့၏ဩဇာခံဖြစ်ရေးအတွက် အနှောင့်အယှက်ပေးနေသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကာကွယ်ရေးနှင့် လုံခြုံရေးအင်အားတောင့်တင်းမှသာ တိုင်းတစ်ပါးတို့၏ ခြိမ်းခြောက်မှု၊ ရန်စမှု၊ ကျူးကျော်မှုများကို တွန်းလှန်ဖြိုဖျက်ပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ကြောင်း။

အရေးကြီးသည့် အခန်းကဏ္ဍ

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲစေရအောင် “တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ “တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်” ဟူသော အခြေခံမူကို ထည့်သွင်းထားခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် တပ်မတော်၏အခန်းကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍကနေ တာဝန်ယူဆောင်ရွက်ရမည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားစေကြောင်း။

ယင်းကဲ့သို့ အဘက်ဘက်က ပြည့်စုံအောင် ပြည်သူ့ဆန္ဒနှင့်အညီရေးဆွဲထားသည့် အခြေခံမူများအား အတည်ပြုပြဋ္ဌာန်းမည်ကို ပြည်ပအင်အားကြီးနိုင်ငံအချို့နှင့် ပုဆိန်ရိုးတချို့က စိုးရိမ်လျက်ရှိကြကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့၏ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းလိုက်ပါက ၎င်းတို့၏မြန်မာနိုင်ငံကို ခေတ်သစ်ကျွန်ပြုရေး၊ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေးစီမံချက်များ ပျက်စီးသွားမည်မှာ ဧကန်မလွဲဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကို ထင်ဟပ်စေသည်မှာ အမှန်ဖြစ်ပြီး ပြည်တွင်းပြည်ပအဖျက်သမားများ၏ ဒီမိုကရေစီအရေး ကျင့်စဉ်နှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးက တာဝန်ကျေကျေဖြင့် အရေးကြီးသည့် အခြေခံမူများကို ချမှတ်ဖော်ဆောင်နိုင်ခဲ့သကဲ့သို့ မိမိတို့ပြည်သူအပေါင်းကလည်း အခြေခံဥပဒေ(မူကြမ်း)ကို အတည်ပြုနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆန့်ကျင်ရှုတ်ချ

ထို့ကြောင့် အဆိုရှင် တင်သွင်းသွားသော အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိကြသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံကြိုဆိုကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အမျိုးသားအကျိုးစီးပွား

ထို့နောက် ပဲခူးမြို့မှ မြို့မိမြို့ဖ ဦးဝင်းတင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအားဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်မူများကို ချမှတ်နိုင်ရန် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားအတွက် အစုအဖွဲ့အလိုက် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ အယူအဆချင်း ညှိနှိုင်းခဲ့ကြကြောင်း၊ ကျေကျေလည်လည်ဆုံးဖြတ်ခဲ့ကြကြောင်း၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ အားလုံးတွင် တူညီခိုင်မာပြတ်သားသော ရပ်တည်မှုများရှိကြကြောင်း၊ ယင်းရပ်တည်မှုများမှာ နိုင်ငံတော်နှင့် တိုင်းရင်းသား အားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ထိန်းသိမ်းစောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်ကြီးများသည် တိုင်းရင်းသားလူမျိုးများ၏ ရသင့်ရထိုက်သော ဒီမိုကရေစီပိုင်ခွင့်များကို ရရှိလာစေရန်နှင့် အမျိုးသားရေးအကျိုးစီးပွားကိုလည်း ထိခိုက်မှုမရှိစေရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းပါရှိသဖြင့် ပညာရှင်ကြီးများ၏ အခွင့်အလမ်းကောင်းများကို ထိရောက်ကျယ်ပြန့်စွာ ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေကို တစ်ဦးတစ်ယောက်၊တစ်ပါတီတစ်ဖွဲ့က ရေးဆွဲခြင်းသည် မပြည့်စုံ၊ မမှန်ကန်နိုင်ကြောင်း၊ လူထုနည်းဖြင့်ရေးဆွဲ၊ လူထုထံချပြ၊ လူထုဆန္ဒဖြင့်အတည်ပြုသော အခြေခံဥပဒေသည် ပိုမိုခိုင်မြဲတည်တံ့မည်ဖြစ်ကြောင်း၊ ပြည်သူ့ကိုယ်စားပြုအခြေခံဥပဒေလည်း ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေတွင် အချုပ်အခြာအာဏာပိုင်းခြားခွဲဝေမှု၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှု၊ နိုင်ငံသားတို့ တာဝန်ဝတ္တရားနှင့် အခွင့်အရေး၊ နိုင်ငံပိုင်သယံဇာတများ စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ အခြေခံဥပဒေပြင်ဆင်မှုများကို အသေးစိတ်မူများ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်တင်ပြလိုသည်မှာ နိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် လွန်စွာအရေးကြီးလှကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို ဟန့်တားနှောင့်ယှက်ဖျက်ဆီးလိုသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့်ပြည်ပအသံလွှင့်ဌာနများအား ပြည်သူတစ်ရပ်လုံးက သတိပြုကာကွယ် တားဆီးသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံရေးသမိုင်းစဉ်က ပေးအပ်ခဲ့သော အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် **“ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ခိုင်ခိုင်မာမာ

ဆက်လက်၍ ပဲခူးမြို့မှ မြို့မိမြို့ဖ လယ်ယာလုပ်ငန်းရှင် ဦးသန်းရွှေက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော

စာမျက်နှာ ၇ ကော်လံ ၁ သို့

18-10 (06) 1 10/18/07, 3:29 AM

စာမျက်နှာ ၆ မှ

ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများတွင် တောင်သူလယ်သမားများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းပါရှိပြီး စီးပွားရေးနှင့်ပတ်သက်၍–

- နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။
- နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု(သို့မဟုတ်) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက် ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးမြို့မှ မြို့မိမြို့ဖ ဦးဝင်းတင် ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

- နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။
- နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု စသည့် အချက်များ ပါရှိသောကြောင့် မိမိတို့တောင်သူလယ်သမားထုကြီးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရပိုင်ခွင့်နှင့် စီးပွားရေးအခွင့်အလမ်းများကို ခိုင်ခိုင်မာမာ အာမခံပေးထားကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း။

ထိခိုက်နစ်နာ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံက ကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးသည့် ပင်မဥပဒေကြီးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်ဟောင်း စနစ်ဟောင်းတစ်ခုကနေ ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မည်ဆိုလျှင် ပထမဆုံးလိုအပ်ချက်သည် ခေတ်သစ်၊ စနစ်သစ်နှင့်ကိုက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးဘဲ ခေတ်သစ်၊ စနစ်သစ်ဆီကို အလျင်စလို ကူးပြောင်းလျှင် ကြီးမားသည့် ချွတ်ချော်လွဲမှားမှုများဖြစ်ပေါ်ပြီး နိုင်ငံတော်အတွက် ထိခိုက်နစ်နာတတ်ကြောင်း။

ထို့ကြောင့်လည်း တပ်မတော်အစိုးရသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်လှကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် လူထုလူတန်းစား အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အသေးစိတ်အခြေခံရမည့်မူများကိုတစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ကြိုးပမ်းညှိနှိုင်း ချမှတ်နိုင်ခဲ့သည်ကို အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ရမည်ဖြစ်ကြောင်း။

သတိပြုကာကွယ်တားဆီး

ယခုအခါတွင် ဖွံ့ဖြိုးပြီး နိုင်ငံတချို့သည် မီဒီယာကို လက်နက်သဖွယ် အသုံးပြုပြီး မြန်မာနိုင်ငံအား ၎င်းတို့၏ ဩဇာလွှမ်းမိုးလာစေရန် သိုင်းဝိုင်းထိုးဖောက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး စိတ်ဓာတ်ရေးရာ ကျူးကျော်မှုဖြင့် မီဒီယာလက်နက်ကို သုံးပြီး ကျူးကျော်လွှမ်းမိုးရန် ကြိုးစားလုပ်ဆောင်နေကြကြောင်း၊ ထို့အပြင် **ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများဖြစ်သော BBC, VOA, RFA, DVB တို့သည် မိုးလုံးပြည့်မုသာဝါဒသုံး၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် သပ်လျှိုသွေးခွဲမှုများအား မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သတိပြု ကာကွယ်တားဆီးကာ ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချသွားရမည်ဖြစ်ကြောင်း။**

နိဂုံးချုပ် တင်ပြလိုသည်မှာ ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ခေါ်ယူကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ညီလာခံကြီး အောင်မြင်ခြင်းနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်ကို ထင်ဟပ်စေမည်ဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသော **"အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို ပြည်သူလူထုကြီးနှင့်အတူ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ပြည်သူလူထုထံမှ ဆန္ဒသဘောထားရယူရာ တက်ရောက်လာသော ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။



အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက် ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးမြို့မှ မြို့မိမြို့ဖ လယ်ယာလုပ်ငန်းရှင် ဦးသန်းရွှေ ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ထို့နောက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး(ဒို့အရေး၊ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို အမျိုးသားရေးနိုင်ငံရေးအသိစိတ်ဓာတ်အပြည့်ဖြင့် တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၆ခုနှစ် သီတင်းကျွတ် ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား–

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှုသုံးမှုတွင် တရားခံသုံးဦးအား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ် အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများပြုလုပ်သဖြင့် အရေးယူမှု တစ်မှုတွင် တရားခံတစ်ဦးအား အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်–

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့်အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မဇ္ဈိမဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၄၈ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ–တြိပူရ–မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အပါး ၄၀၀တို့အတွက် မဇ္ဈိမဒေသ အကြိမ်(၃၀)မြောက် ကထိန်သင်္ကန်းများကို ဆက်သွယ်ရန် ဖုန်း–၀၁–၅၄၅၂၀၅၊ ၀၁–၅၄၅၂၁၆၊၀၁–၅၅၅၁၇၃၊ ၀၁–၇၂၇၇၄၆၊ ၀၁–၅၃၆၃၄၈၊၀၁–၅၄၂၂၃၆တို့သို့ နိုဝင်ဘာ ၁၀ရက် နောက်ဆုံးထား လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၃၃) ဓမ္မဝိဟာရသုံးထပ်ဝိပဿနာဗိမာန် တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်း (အနောက်)ရပ်ကွက် ခဝဲခြံ ၂လမ်း ပေါ်တော်မူဘုရားကျောင်းတိုက်ဝင်းတွင် တည်ထောင်ထားသော မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၁၃၃)မှ ဓမ္မဝိဟာရ သုံးထပ်ဝိပဿနာဗိမာန်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၇၀၀ခန့်မှန်းနှုန်းဖြင့် ဆောက်လုပ်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသော အလှူရှင်များသည် ဆရာတော် ဖုန်း–၀၁–၆၅၃၂၀၄၊ ၆၆၃၆၂၉၊ ၆၉၉၇၃၈၊ ၅၀၄၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရင်ငွေ့လှုံ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီဟန် စံကျောင်းတော်ဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

ရင်ငွေ့လှုံ အင်းလေးဖောင်တော်ဦး ရုပ်ရှင်ရုပ်ပွားတော်မြတ်များ(ရန်ကုန်)အား လွန်ခဲ့သည့် ၁၉၇၃ ခုနှစ်မှ စတင်၍ မူလဘုရား ဒါယကာကြီး (ဦးသာဝင်း)က ကြီးမှူးစီစဉ်ပေးခဲ့ပြီး သားဖြစ်သူ သီဟဦးမင်းဝင်း(ခ) တိုးတိုး (Covermark) က ဘုရားပွဲတော် ဒေသစာရီ ကြွချီတော်မူချိန်ဖြစ်သည့် သီတင်းကျွတ်လဆန်း၁ရက်နေ့တိုင်း နှစ်စဉ်မပျက် ကျင်းပလျက်ရှိသည်။ အောက်တိုဘာ ၁၂ရက်က ရန်ကုန်မြို့ အမှတ်၁၈၅/၁၈၇ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ် စာတိုက်ဘေး Covermark Center အပေါ်ဆုံးထပ် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကိန်းဝပ်စံပယ်ရာ စံကျောင်းတိုက် ဗိမာန်တွင် နံနက် ၇ နာရီက စတင်ပြီး ရတနာရွှေစံကျောင်းတော်မှ ကရဝိက်ရွှေဖောင်တော် ယာယီစံကျောင်းတော် အတွင်းသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများက ရွှေကလပ်ဖြင့် ပင့်ဆောင်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် အမွှမ်းကို ရွတ်ဖတ်ပူဇော်ကြခြင်း၊ ရွှေတိဂုံစေတီတော်မြတ် လယ်တီမဟာသရဏဂုံကြီးဖြင့် ဓမ္မပူဇာသဘင် ပူဇော်ကျင်းပပြီး အောက်တိုဘာ ၁၂ရက်မှ စတင်၍ ၂၉ ရက်အထိ ၁၈ ရက်တိုင်တိုင် ဝတ်အဖွဲ့အသီးသီးက ဓမ္မပူဇာပူဇော်လျက်ရှိရာ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီ အတွင်း မည်သူမဆိုလာရောက် ပူဇော်ကြည်ညို သဒ္ဓါပွားနိုင်ကြောင်း သိရသည်။ **(က–ပ)**

အမှတ် ၁၅၆ အခန်း (၃) ၃၇ လမ်း ကျောက်တံတားမြို့နယ်နေ ဒေါ်ကြင်ပုံ၏ (၇၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်လျက်ရှိသော ခြောက်ထပ်ဆေးရုံသစ်ကြီး အတွက် အလှူငွေကျပ် ၂၇၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က–ပ)

စာတည်းမှူးရှင့်–

လူကြီးမင်းတို့ သတင်းစာများတွင် ၁၉၈၈ခုနှစ်၊ ၁၉၈၉ခုနှစ်များဆီက ရေးတတ်သမျှ အရည်အချင်းနှင့် ကျောင်းသားလူငယ် သားသမီးအရွယ်ကလေးများ လမ်းမှားရောက်၊ ဘဝတက်လမ်းပျောက်ကြပြီး မသမာသူတို့ အသုံးချခံဘဝ မရောက်ကြစေဖို့ ဆောင်းပါး လေး၊ ငါးပုဒ်လောက် ရေးခဲ့ဖူးသော မိခင်သန့် ဖြစ်ပါသည်။

ပြည်တွင်း ပြည်ပမှ မသမာသူများက သွေးထိုးလှုံ့ဆော်မှုများ အဆက်မပြတ်လုပ်ဆောင်နေသည်ကို ကြားသိရ၍ ဤဆောင်းပါးဖြင့် အမေ့မေတ္တာ၊ အဖေ့မေတ္တာ အပြည့်အဝရှိကြသော မိဘပြည်သူများကို ရှေ့ကြောင်းနောက်ကြောင်းယှဉ်ပြီး တင်ပြလိုသောကြောင့် လူကြီးမင်း၏ သတင်းစာတွင် စိစစ်တည်းဖြတ်ဖော်ပြပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

၈၈ အရေးအခင်းဟု ဆိုကြသော ၁၉၈၈ခုနှစ် ဆူပူမှုသည် ပြည်ထောင်စုကြီးပြိုကွဲလုနီးနီး၊ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးကာ သူ့ကျွန်ဘဝ ပြန်ရောက်လုနီးနီး မင်းမဲ့စရိုက်ဖုံးလွှမ်းပြီး ကသောင်းကနင်း ထိန်းမနိုင် သိမ်းမရဖြစ်ခဲ့သော တိုင်းဆူပြည်ဖျက် အနိဋ္ဌာရုံအဖြစ် ကျွန်မနှင့်တကွ ယနေ့မျိုးဆက်များ၏ မိဘ၊ ဘိုးဘွား၊ ဦးကြီး၊ ဒေါ်လေးတို့ ကိုယ်တွေ့ကြုံခဲ့ရပြီး ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် မတ်လတွင် စက်မှုတက္ကသိုလ် ဒုတိယနှစ်ကျောင်းသားနှစ်ယောက် ရပ်ကွက်လက်ဖက်ရည်ဆိုင်၌ ကက်ဆက်ခွေဖွင့်သည့်ကိစ္စ အရပ်သားအချို့နှင့် ခိုက်ရန်ဖြစ်ပွားမှု၊ ယင်းရန်ပွဲကိစ္စတွင်ပါဝင်သော အရပ်သား လူငယ်လေးဦးကို ကျောင်းသားနှစ်ဦးက ထိခိုက်နာကျင်အောင် ထိုးကြိတ်၍ ဖမ်းဆီးအရေးယူထားချိန် ကျောင်းသားများက ရပ်ကွက်ကို မီးရှို့ကြသည်။ မီးသတ်ကား အဝင်မခံ၊ မီးငြိမ်းမခံ။ စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး လာရောက်ဖျောင်းဖျသည်ကိုပင် ဆဲရေးတိုင်းထွာ အော်လွတ်ကြသဖြင့် အိမ်လေးလုံး၊ သမဝါယမ ဆိုင်တစ်ဆိုင်၊ ကားဂိုဒေါင်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ ထိုသို့ ရပ်ကွက်လူထုနှင့် ကျောင်းသားတစ်စု ပဋိပက္ခဖြစ်လာသောကြောင့် ဆိုင်ရာက လူစုခွဲခဲ့ရမှုကို ချဲ့ထွင်ပြီး ပြည်တွင်းမှ ဗကပ(ယူဂျီ)များ၊ CIA များ ပါဝင်ကာ ၈၈ အရေးအခင်း ဖြစ်ပေါ်အောင် သာမန် ဆန္ဒပြဆူပူမှု မီးတောက်ကို ဓာတ်ဆီလောင်းခဲ့ကြသည်။

ကျောင်းသားလူငယ်များကို အသုံးချပြီး ကျောင်းသားကိစ္စ သာမန်ပြဿနာကို ဖြေရှင်းမရသည့် ဆူပူအုံကြွမှုအဖြစ် ဖန်တီးခဲ့ကြသည်။ ၁၉၈၈ခုနှစ် မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လအတွင်း ငြိမ်သွားသော ဆန္ဒပြမှုများကို CIA၊ ဗကပနှင့် အခြားလှေကြုံစီး အပွကြံလိုသည့် နိုင်ငံရေးအုပ်စုများကပင် မီးလောင်အောင်ဆက်ရှို့ပြီး ဝါဒဖြန့်မှုလေဖြင့် မီးလောင်ရာကိုလေပင့်ခဲ့ကြသည်။ BBC, VOA တို့က နေ့စဉ် ညစဉ် ဆန္ဒပြမှုရပ်ဆိုင်းမသွားအောင် မမှန်သတင်းများ လွှင့်ထုတ်ကာ ဆူပူအောင် သွေးထိုးခဲ့သည်။

မသမာသူတို့၏ အသုံးချခံဘဝ မရောက်စေ

မြန်မာနိုင်ငံတွင် ရဟန်းသံဃာတော် ငါးသိန်းခန့်ရှိပြီး ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ် တာဝန်ထမ်းဆောင်ရင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် မြတ်ဗုဒ္ဓ၏ ဝိနည်းသိက္ခာပုဒ်ကို လိုက်နာလျက် ကျင့်ကြံအားထုတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားရာနိုင်ငံ ဖြစ်ပါသည်။ လူဦးရေ အားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ ပြည်သူနှင့် အစိုးရက ပစ္စည်းလေးပါး ဒါယကာအဖြစ် တာဝန်ယူမြဲဖြစ်ပါသည်။ ယနေ့ကာလ သာသနိက အဆောက်အအုံ၊ စေတီပုထိုး၊ ရုပ်ပွားဆင်းတုတော်၊ သိမ်ကျောင်းဇရပ်များ လက်ညှိုးထိုးမလွဲ တည်ဆောက်လှူဒါန်းလျက် ရှိနေပါသည်။

သို့သော် နိုင်ငံရေးသမားတို့၏ သားသုံးသား အသုံးချရေး မူသေ ကိန်းသေနည်းအရ ရဟန်းသံဃာအတွင်း နိုင်ငံရေးအစွဲ ပယောဂများ သွတ်သွင်းကာ သွေးထိုး၊ သွေးခွဲမှုများဖြင့် လိုသလို အသုံးချလေ့ရှိသည်။ သက်တော်ရင့်၊ ဝါတော်ကြီး ကျမ်းတတ်ပေတတ် ဆရာတော်ကြီးများ ကိုယ်တိုင် သံဃာလောကအတွင်း နိုင်ငံရေးမှန်တိုင်းဆင်ခဲ့ပုံများကို တွေ့ခဲ့ကြရဖူးပြီ ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဆရာတော်ကြီးများက သံဃာငယ်များအား ဆုံးမသြဝါဒပေးတော်မူလေ့ ရှိကြပါသည်။ ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကလည်း သွန်သင်ပြီး ဖြစ်ပါသည်။

၈၈ အရေးအခင်းကို CIA နှင့် ဗကပ ယူဂျီများက ကြိုးကိုင်ခဲ့ကြသည်။ ပညာရေးကိစ္စ၊ ကျောင်းသားကိစ္စ တောင်းဆိုကွေးကြော်မှုများမှ တစ်ဆင့် ဒီမိုကရေစီရရှိရေး၊ ကြားဖြတ်အစိုးရဖွဲ့ပေးရေး၊ တစ်ပါတီအစိုးရ နုတ်ထွက်ပေးရေးတို့ကို ကြွေးကြော်ခိုင်းလာကြသည်။ ထိုသို့ ကြွေးကြော်သံ မြင့်လိုက်ချိန်မှာပင် ၎င်းတို့ကို ဆန့်ကျင်သူမရှိအောင် ရည်ရွယ်ပြီး တစ်နေ့ဝမ်းစာ တစ်နေ့ရှာစားနေရသူ ဆင်းရဲသားများကို ဖမ်းဆီးနှိပ်စက်ကာ အဆိပ်ခတ် အဖျက်သမားဟု စွပ်စွဲခေါင်းဖြတ်သတ်ကြသည်။ ဂိုဒေါင်ဖောက်၊ စက်ရုံဖျက်၊ တက္ကသိုလ်မှ ပစ္စည်းများ လုယက်သော တောကြောင်များ ထကြွလာခဲ့သည်။

ခံစရာရှိရင် ဒို့ပဲခံလိုက်မယ်” ဟု တာဝန်ပ...
ဒို့တောင် ဘာဖြစ်မှန်း မသိသေးဘူး”ဟု ...

ဤသို့ဖြင့် လူငယ်ကျောင်းသား ထောင်...
စခန်းတည်းဟူသော ဟထားသည့် မြေခွေး...
အချို့ ပြန်ပြေးလာသည်။ တောထဲက သေ...
အိမ်သာကျင်းထဲချပြီး ခါးတစ်ဝက်ထိမြုပ်သေ...
ပြန်ပြောကြသည်။ ထိုစဉ်က ဗန်ကောက်ပို့စ်၊...
ပြည့်တန်ဆာအိမ်မှ ပြည့်တန်ဆာ ၈၀ကျော် ...
ဆံတို၊ ကုပ်ဝဲကလေးများ၊ ကျောင်းစိမ်းထဘီဝ...
ကျရောက်ရပုံမြင်ရသည်။ ထို့ကြောင့် ကျွန်မ...

တစ်ယောက်ချင်း၊ တစ်စုချင်း ပြန်ပြေးလာ...
ပြန်လာသူများအကြောင်း ကျွန်မတို့ ရေးခဲ့...
သတ်ဖြတ်ခံရ၊ ဘဝပျက်ရသည်။ BBCသည် V...
မိန့်ခွန်းရေးပေးရသူ ဆိုသည့် အမေရိကန်အ...
ကျောင်းသူများအတွက် ဒေါ်လာခုနစ်သန်း ...
ဆက်လုပ်ဟု သြဝါဒပေးသွားသည်။ ရိုရာဘာချ...
တကယ်ပို့လျှင်လည်း မျောက်ပြ ဆန်တောင်း...
ဖရဲသီးစိမ်းပြုတ်(ထမင်းမပါ) စားနေခဲ့ရသည်...

ယခုနောက်ပိုင်း လက်ကျန်တောခိုလူငယ...
ဘဝပျက်သူပျက်၊ အနောက်က ပေးသမျှရ...
ကြရသည်။ အချို့ ခိုင်းကောင်းသူများကိုမူ...
တောင်ကိုရီးယားကဲ့သို့ အရင်းရှင်နိုင်ငံများသို့...
မဟုတ်တော့သူ)များသည် VOA၊ BBC ...
လစားများ ဖြစ်လာကြသည်။ CIA က ဖွဲ့...
လုပ်ကိုင်ကာ ကိုယ့်နိုင်ငံကိုယ် ပြန်လည်ဖျ...
ထမင်းစားရဖို့ မလွယ်ပေ။

စာတည်းမှူးရှင့်–

စက်သုံးဆီ ဈေးနှုန်းမြင့်တင်၍ လူထု...
ဆိုကာ NLDများ၊ ၈၈ မျိုးဆက်ကျောင်းသ...
ပြဿနာရှာကာ ဆူပူမှု၊ ဆူပူမှုမှတစ်ဆင့် ၈...
လုပ်လာကြပါသည်။ သူတို့သည် ယနေ့ ကျော...
အသုံးချမခံနိုင်၊ ကလေးများကိုယ်တိုင် ကွန်...
နေကြသဖြင့် ကျောင်းသားကို အသုံးမချနိုင်...

နိုင်ငံရေးပယောဂရှိသော ဘုန်းကြီးဆိုသူ...
ကိုရင်(သာမဏေ)၊ ရဟန်းငယ်များကို ချော့နည်း...
ဆရာဂျင်းရှပ်၏နည်း)များဖြင့် ပရိယတ္တိ၊ ပ...
ဖြစ်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက...
မြတ်ဗုဒ္ဓ၏ တရားဓမ္မအဆုံးအမကို ကျောခိုင်...

အစသော် သံဃာများက မေတ္တာသုတ်ပရိတ...
ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ပိတ်ပင်ခြင်း ...
လိုက်လာသည်။ ဘေးကရပ်ကြည့်သူများ ဖ...
ဘေးပရိသတ်အား လက်ခုပ်တီးသြဘာပေး ...
များသာဖြစ်သည်။ အချို့ ဝေလေလေများ၊ သရ...
မကျေနပ်သူများ ပါလာကြသည်။

ထိုသို့ဘေးကာ၊ နောက်လိုက်လူအုပ်များလ...
လွှတ်ပေး၊ ဒေါ်စုကြည်နှင့် တွေ့ဆုံဆွေးနွေး ...
အာဘော်များ အော်ဟစ်ကြွေးကြော်လာကြသည...
ဘမသိဖြင့် ပြစ်မှု ဥပဒေပုဒ်မ ၁၂၁၊ ၁၂၂ (...
ထိုပုဒ်မများသည် သေဒဏ်ထိုက်သင့်သော ပ...

ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုး...
မပြုလုပ်ရန်၊ ပြုလုပ်လျှင် ဥပဒေအရ အရေ...
လုံခြုံရေး တာဝန်ကျများအား အုတ်ခဲကျိုး...
လုံခြုံရေးကပစ်မည်၊ ထိုသို့ပစ်ခတ်သေဆုံးမှု ရှိ...
အထင်လွဲအောင် ဝါဒဖြန့်နိုင်မည်ဟု တွက်...
အနောက်သြဇာခံ မီဒီယာများက သပ်လျှိုလ...
NLD က တာဝန်ယူဆောင်ရွက်ပေးသည်။

ယင်းသို့ မပြုလုပ်ရ၊ ပြုလုပ်လျှင် ဥပဒေ...
နိုင်ငံတိုင်း မလုပ်မဖြစ်လုပ်ရသည့် တာဝန်ဖြစ်...
အီရတ်ကျူးကျော်စစ်ဆန္ဒပြသည့် အမေရိကန်ပြ...
ဤသဘောပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင်မှု ဆူချင် ဆူပစေ၊ ကြမ်းချ...
မတော်မတရား သြဇာအာဏာပေးမှုကို ပြည်သူ...
လိုလားသည်။ အေးချမ်းမှုကို လိုလားသည်။ ...
ဆန့်ကျင်ပြီး ဆူပူနှောင့်ယှက်ကြသည့် အဖျက်...
ပျက်ခဲ့ရသောကလေးများ၏ ဖြစ်ရပ်များအပေါ်...
မသမာသူတို့၏ အသုံးချခံဘဝမရောက်အောင်...
မိခင်သန့်က သန့်စင်သော မိခင်မေတ္တာဖြင့်...

မြန်မာနိုင်ငံတွင်မှု ဆူချင် ဆူပစေ၊ ကြမ်းချင်သူ ကြမ်းပစေ၊ မနှိပ်ကွပ်ရ၊ မဟန့်တားရဟု အမေရိကန်အစိုးရက မတော်မတရား သြဇာအာဏာ ပေးမှုကို ပြည်သူက မလိုလားပါ။ ပြည်သူ့ဆန္ဒ သဘောထားသည် တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလားခြင်းပင်။

ပြည်သူ့ဆန္ဒ ဆန့်ကျင်ပြီး ဆူပူနှောင့်ယှက်ကြသည့် အဖျက်ထောင်ချောက်အတွင်းသို့ ၈၈ အရေးအခင်းကာလ စတေးခံ ဘဝပျက်ခဲ့ရသော ကလေးများ၏ ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး မိမိတို့ရင်သွေးများ ရောယောင်မပါမိအောင်၊ မသမာသူတို့၏ အသုံးချခံဘဝ မရောက်အောင် သားချစ်၊ သမီးချစ် အမေ မိဘတို့ စောင့်ရှောက်ကြပါဦး။

စာတည်းမှူးရှင့်–

အကြောင်းတိုက်ဆိုင်၍ ကျွန်မ တစ်ခုတင်ပြပါရစေ။ နိုင်ငံရေးလုပ်ပြီး မိမိတို့အာဏာရရေးသာ အဓိကထားသော ငါ့ဖို့(ငို့ဘ) နိုင်ငံရေးသမားများက ၎င်းတို့ကိုယ်တိုင် အာဏာရရန် မဖြစ်နိုင်သောအခါ သူတို့အဆို “သား သုံးသား”ကို စည်းရုံးသိမ်းသွင်း၊ ဖြားယောင်းလှည့်ဖြား ခေါ်ယူအသုံးပြုရေး နည်းလမ်းကို သုံးတတ်ကြပါသည်။ လက်ယာ နိုင်ငံရေးသမားရော၊ လက်ဝဲနိုင်ငံရေးသမားများပါ ထိုနည်းကို သုံးလေ့ရှိပါသည်။

သူတို့သတ်မှတ်သော “သား သုံးသား”ဆိုသည်မှာ (၁)ကျောင်းသား၊ (၂)စစ်သား၊ (၃)ဘုရားသား (ရဟန်းသံဃာ)များကို ဆိုလိုကြခြင်း ဖြစ်ပါသည်။ မိမိတို့ဘက် ကျောင်းသားပါလာလျှင် နောက်က မိဘ(ပြည်သူ) ပါလာမည်။ ကျောင်းသားကို အစိုးရက မဖမ်းရဲ၊ မပစ်ရဲဟု အပိုင်တွက်ထားကြပါသည်။ စစ်သားပါလာလျှင် လက်နက်ပါလာမည်။ အစိုးရကို လက်နက်ဖြင့်ပြန်တိုက် ဖြုတ်ချကာ မိမိတို့အာဏာရယူနိုင်မည်၊ စစ်သားများကိုသာ ထိုကဲ့သို့ မသမာသူများက သိမ်းသွင်းသုံးနိုင်သွားလျှင် ဤနိုင်ငံ၏ ခုခံကာကွယ်ရေးစွမ်းပကား ယုတ်လျော့ကျဆင်းသွားမည်။ ပြည်ပက အလွယ်တကူ ကျူးကျော်သိမ်းပိုက်နိုင်မည်။ ပြည်တွင်းတွင်လည်း လက်နက်ဖြင့် အာဏာယူနိုင်မည်ဟု ရှုမြင်ထားကြသည်။ ဘုရားသား(သံဃာ)များ ပါလာလျှင် သင်္ကန်းပါလာမည်။ နောက်က ဒကာ၊ ဒကာမ(ပြည်သူ) ပါလာမည်။ သင်္ကန်းဝတ်ထားလျှင် အစိုးရက ဖမ်းရန်မလွယ်၊ ပစ်ခတ်လူစုခွဲရန် လုပ်ဝံ့မည်မဟုတ်ဟု အပိုင်တွက်ထားကာ ဆူပူဖန်တီးတိုင်း သားတစ်မျိုးမျိုးကို အသုံးချခဲ့ကြသည်။

၁၉၈၈ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဦးအောင်ကြီးအား ထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးရာ ဩဂုတ် ၂၅ရက်တွင် ဦးအောင်ကြီးက စမ်းချောင်း ပဒုမ္မာကွင်း၊ ဒေါ်စုကြည်က မိခင် မကျန်းမာ၍ ခေတ္တ လာရောက်ရင်း ဝိုင်းဝန်းမြှောက်ပေးကြသဖြင့် ဩဂုတ် ၂၆ ရက်၌ ရွှေတိဂုံခြေရင်း၊ ဩဂုတ် ၂၇ ရက်တွင် နိုင်ငံတော် အာဏာလုပ်ကြံလုယူရေးအမှု၌ အမှုကိုသိလျက် ထိမ်ချန်မှု ပုဒ်မ ၁၂၄ ဖြင့် ထောင်ခုနစ်နှစ်ကျရာမှ လွတ်လာသူ ဦးတင်ဦးက ရန်ကုန်ဆေးရုံကြီး စင်မြင့်ပေါ်တွင် လူထုရှေ့ထွက် လူလုံးပြဟောပြောကြသည်။ ထိုသုံးယောက်စလုံးက မိမိတို့ ပါတီမထောင်၊ ခေါင်းဆောင်မလုပ်၊ အာဏာမယူ၊ ဒီမိုကရေစီတိုက်ပွဲ ထောက်ခံရုံမျှသာပါဝင်မည်ဟု ဟောခဲ့ကြသည်။

၈၈အရေးအခင်းအကြောင်း အရှည်မပြောလိုပါ။ သရုပ်ပျက်လှသော ဆူပူပွဲသာဖြစ်ခဲ့သည်။ မည်သူ့အတွက်လဲ ဆိုလျှင် ဗကပအတွက်၊ CIA အတွက် ဆူပူကြရသည့်သဘောသာ ဆောင်ခဲ့သည်။ သချိုင်း အုတ်ဂူမကျန် ဖျက်ဆီးခဲ့ကြသည်။ မည်သည့်ခေါင်းဆောင်ဆိုသူမျှ မထိန်းနိုင်။ ထိုသို့ မထိန်းနိုင်မှုအပေါ် CIA နှင့် ဗကပ သညာပေးမှုအတိုင်း ဂိုဒေါင်ဖောက်တာ ဆန္ဒပြသူများမဟုတ်၊ စစ်သားများဖြစ်သည်ဟု BBC၊ VOA တို့မှနေ အော်ခဲ့ကြသည်။ ရပ်ကွက်နှင့် မြို့လူထုပြည်သူများက မည်သူတွေ ဖောက်လုသည်ကို သိကြသည်။

၁၈-၉-၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ယူလိုက်ရသည်။ ထိုအခါ အသုံးချခံကျောင်းသား လူငယ်များ ဘာလုပ်ရ၊ ဘာကိုင်ရမှန်းမသိဖြစ်ကာ ဒီမိုကရေစီခေါင်းဆောင် ဆိုသူများထံ ပြေးမေးကြသည်။ “မင်းတို့ ကိုယ့်အိမ်မှာ ကိုယ်နေကြ၊ မင်းတို့ဘာမှ မဖြစ်စေရအောင် ဒို့ကာကွယ်ပေးမယ်၊

...ဝ မရောက်စေလိုပါ

မိခင်သန့်

ခံစရာရှိရင် ဒို့ပဲခံလိုက်မယ်" ဟု တာဝန်ယူသော ခေါင်းဆောင်တစ်ယောက်မှ မရှိ။ "ကြည့်ရှောင်နေကြ၊ ဒို့တောင် ဘာဖြစ်မှန်း မသိသေးဘူး"ဟု ခေါင်းရှောင်ကာ နယ်စပ်သို့ တိမ်းရှောင်စေခဲ့သည်။

ဤသို့ဖြင့် လူငယ်ကျောင်းသား ထောင်သောင်းချီပြီး နယ်စပ်သို့ ရောက်ရှိသွားခဲ့သည်။ သောင်းကျန်းသူစခန်းတည်းဟူသော ဟထားသည့် မြေခွေးပါးစပ်တွင်းသို့ ကလေးတွေကို သူတို့တွန်းပို့ရက်ခဲ့ကြသည်။ အချို့ ပြန်ပြေးလာသည်။ တောထဲက သောင်းကျန်းသူစခန်းတွင် နှိပ်စက်ခံရပုံ၊ သူတို့အမိန့်မနာခံသူကို အိမ်သာကျင်းထဲချပြီး ခါးတစ်ဝက်ထိမြုပ်သော မစင်များအကြား နေ့ည မစားရ၊ မသောက်ရ နေခဲ့ရပုံ ပြန်ပြောကြသည်။ ထိုစဉ်က ဗန်ကောက်ပို့စ်၊ နေးရှင်း စသည့် ထိုင်း သတင်းစာများ၌ ထိုင်းနိုင်ငံ ရနောင်းမြို့ ပြည့်တန်ဆာအိမ်မှ ပြည့်တန်ဆာ ၈၀ကျော် ထိုင်းရဲက ဖမ်းသောသတင်းနှင့်ဓာတ်ပုံပါလာသည်။ ဆံတောက်၊ ဆံတို၊ ကုပ်ဝဲကလေးများ၊ ကျောင်းစိမ်းထဘီဝတ် မြန်မာကျောင်းသူ ၈၀ ပြည့်တန်ဆာဘဝသို့ ရက်ပိုင်းအတွင်း ကျရောက်ရပုံမြင်ရသည်။ ထို့ကြောင့် ကျွန်မ သားသမီးချင်းစာနာပြီး ဆောင်းပါးများရေးဖြစ်ခဲ့ရပါသည်။

တစ်ယောက်ချင်း၊ တစ်စုချင်း ပြန်ပြေးလာကြသူများကို တပ်ခ်ခရိုင်မှ တစ်ဆင့် ထောင်နှင့်ချီပြီး မြန်မာနိုင်ငံ ပြန်လာသူများအကြောင်း ကျွန်မတို့ ရေးခဲ့ကြသည်။ အများအပြား ငတ်ပြတ်သေရ၊ ရောဂါစုံဖြစ်သေရ၊ သတ်ဖြတ်ခံရ၊ ဘဝပျက်ရသည်။ BBCသည် VOAနှင့်အတူ ထိုသတင်းမျိုး ထိမ်ချန်ခဲ့သည်။ အမေရိကန်သမ္မတ မိန့်ခွန်းရေးပေးရသူ ဆိုသည့် အမေရိကန်အမတ် ရိုရာဘာကျာကလည်း နယ်စပ်လာပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ဒေါ်လာခုနစ်သန်း ပို့လိုက်မည်။ အိမ်မပြန်ဘဲ မာနယ်ပလောမှာပင် တော်လှန်ရေး ဆက်လုပ်ဟု ဩဝါဒပေးသွားသည်။ ရိုရာဘာကျာ၏ ခုနစ်သန်းဆိုသည်မှာ လုံးဝ ရောက်မလာ၊ ကျောင်းသားများမရ၊ တကယ်ပို့လျှင်လည်း မျောက်ပြ ဆန်တောင်းသည့် သောင်းကျန်းသူများဆီသို့သာ ရောက်ပေမည်။ ကလေးများ ဖရဲသီးစိမ်းပြုတ်(ထမင်းမပါ) စားနေခဲ့ရသည်။

ယခုနောက်ပိုင်း လက်ကျန်တောခိုလူငယ်များ လူလတ်ပိုင်း အရွယ်ရောက်ပြီ။ ပညာတစ်ပိုင်းတစ်စနှင့် ဘဝပျက်သူပျက်၊ အနောက်က ပေးသမျှရ၊ ကျွေးသမျှစားပြီး အသက်ဆက်ကာ ခိုင်းသမျှလုပ်ဖြစ်နေကြရသည်။ အချို့ ခိုင်းကောင်းသူများကိုမူ အမေရိကန်၊ အင်္ဂလန်၊ ဥရောပ၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယားကဲ့သို့ အရင်းရှင်နိုင်ငံများသို့ ခွဲတမ်းချရောက်သွားကြသည်။ ထိုလူလတ်ပိုင်း (ကျောင်းသား မဟုတ်တော့သူ)များသည် VOA၊ BBC၊ RFA၊ DVB နှင့် အခြားအသင်းအဖွဲ့များတွင် နေ့စား၊ လစားများ ဖြစ်လာကြသည်။ CIA က ဖွဲ့ပေးသော ဘာအဖွဲ့၊ ညာအဖွဲ့ စသည်တို့တွင် အချို့ပါဝင် လုပ်ကိုင်ကာ ကိုယ့်နိုင်ငံကိုယ် ပြန်လည်ဖျက်ဆီး နှောင့်ယှက်ပေးနေရသည်။ ထိုသို့မှ မလုပ်လျှင်လည်း ထမင်းစားရဖို့ မလွယ်ပေ။

စာတည်းမှူးရှင့်–

စက်သုံးဆီ ဈေးနှုန်းမြှင့်တင်၍ လူထုစားဝတ်နေရေး ကျပ်တည်းသည်၊ ကုန်ဈေးနှုန်း ကြီးမြင့်သည်ဟု ဆိုကာ NLDများ၊ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ ကလေးအဖေပင် ဖြစ်နေကြသူများ၊ ပြည်ပြေးများက ပြဿနာရှာကာ ဆူပူမှု၊ ဆူပူမှုမှတစ်ဆင့် ၈၈ အရေးအခင်းကဲ့သို့ ပြည်ဖျက်စီမံကိန်း ချမှတ်လုပ်ဆောင်မှုများ လုပ်လာကြပါသည်။ သူတို့သည် ယနေ့ ကျောင်းသား၊ ကျောင်းသူများကို အသုံးမချနိုင်ပါ။ မိဘများကလည်း အသုံးချမခံနိုင်၊ ကလေးများကိုယ်တိုင် ကွန်ပျူတာများကိုင်ကာ အဆင့်မြင့်ပညာ ရှာဖွေဆည်းပူးပျော်မွေ့နေကြသဖြင့် ကျောင်းသားကို အသုံးမချနိုင်ကြပါ။

နိုင်ငံရေးပယောဂရှိသော ဘုန်းကြီးဆိုသူအချို့ကို သံရုံးကြီးတစ်ခုက လျှို့ဝှက်သင်တန်းပေးပြီး ကျန် ကိုရင်(သာမဏေ)၊ ရဟန်းငယ်များကို ချော့နည်း၊ ခြောက်နည်း၊ လှည့်ဖြားနည်း(အနောက်က အဖျက်သင်တန်း ဆရာဂျင်းရှပ်၏နည်း)များဖြင့် ပရိယတ္တိ၊ ပဋိပတ္တိရဟန်းအလုပ်ကို ကျောခိုင်းစေကာ ဆန္ဒပြခိုင်းခြင်းသာ ဖြစ်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒ၊ ဝိနည်းတော်၏ ပညတ်ချက်၊ မြတ်ဗုဒ္ဓ၏ တရားဓမ္မအဆုံးအမကို ကျောခိုင်းလာကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပါသည်။

အစသော် သံဃာများက မေတ္တာသုတ်ပရိတ်များ ရွတ်ဆိုပြီး စီတန်းလမ်းလျှောက်ပါသည်။ အာဏာပိုင်တို့က ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ပိတ်ပင်ခြင်း မပြုခဲ့ပါ။ သံဃာများကို စောင့်ရှောက်ရန် ဆိုကာ နောက်မှလူအုပ်လိုက်လာသည်။ ဘေးကရပ်ကြည့်သူများ ဖန်တီးသွေးထိုးကာ ကောလာဟလမှိုင်းတိုက်ပြီး လူစုလာသည်။ ဘေးပရိသတ်အား လက်ခုပ်တီးဩဘာပေး ထောက်ခံစေသည်။ လူများ လိုက်ပါရာ၌ အဓိကမှာ NLD များသာဖြစ်သည်။ အချို့ ဝေလေလေများ၊ သရုပ်ပျက်စွာ ဝတ်စားထားသည့် လူငယ်များ၊ အကြောင်းတစ်ခုခုဖြင့် မကျေနပ်သူများ ပါလာကြသည်။

ထိုသို့ဘေးကာ၊ နောက်လိုက်လူအုပ်များလာသည်နှင့် ဒေါ်စုကြည် လွှတ်ပေး၊ နိုင်ငံရေး အကျဉ်းသားမှန်သမျှ လွှတ်ပေး၊ ဒေါ်စုကြည်နှင့် တွေ့ဆုံဆွေးနွေး စသည်ဖြင့် အမေရိကန်အစိုးရနှင့် ပြည်ပြေး အာဘော်၊ NLD အာဘော်များ အော်ဟစ်ကြွေးကြော်လာကြသည်။ အချို့နေရာများ၌ စစ်အစိုးရဖြုတ်ချရေးပါလာသည်။ ဘုမသိ၊ ဘမသိဖြင့် ပြစ်မှု ဥပဒေပုဒ်မ ၁၂၁၊ ၁၂၂ (နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှု) ကျူးလွန်လာကြသည်။ ထိုပုဒ်မများသည် သေဒဏ်ထိုက်သင့်သော ပုဒ်မများ ဖြစ်နေပါသည်ရှင့်။

ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူရသော နိုင်ငံတော်က ဆန္ဒပြဆူပူမှုများ မပြုလုပ်ရန်၊ ပြုလုပ်လျှင် ဥပဒေအရ အရေးယူမည်ဟု ကြေညာပြီးမှ ပိုမိုဆူပွက် အကြမ်းဖက်လာသည်။ လုံခြုံရေး တာဝန်ကျများအား အုတ်ခဲကျိုးများ၊ ခဲများဖြင့် ပစ်ပေါက် ရန်စလာသည်။ ထိုသို့ရန်စမှ လုံခြုံရေးကပစ်မည်၊ ထိုသို့ပစ်ခတ်သေဆုံးမှု ရှိမှ BBC၊ VOAနှင့် CIA တို့က ကမ္ဘာက မြန်မာအစိုးရအပေါ် အထင်လွဲအောင် ဝါဒဖြန့်နိုင်မည်ဟု တွက်ကာ ထိုသို့မဖြစ်ဖြစ်အောင် BBC၊ VOA နှင့် အနောက်၊ အနောက်ဩဇာခံ မီဒီယာများက သပ်လျှိုလာကြသည်။ ထိုသို့ သပ်လျှိုသည့်အတိုင်းဖြစ်အောင် ပြည်တွင်း NLD က တာဝန်ယူဆောင်ရွက်ပေးသည်။

ယင်းသို့ မပြုလုပ်ရ၊ ပြုလုပ်လျှင် ဥပဒေနှင့်ငြိစွန်း၍ ဥပဒေအရ အရေးယူမည်ဟူသည့် ဥပဒေရှိသော နိုင်ငံတိုင်း မလုပ်မဖြစ်လုပ်ရသည့် တာဝန်ဖြစ်သည်။ စက်တင်ဘာ ၁၇ ရက်က ဝါရှင်တန်တွင် သမ္မတဘုရှ်၏ အီရတ်ကျူးကျော်စစ်ဆန္ဒပြသည့် အမေရိကန်ပြည်သူ တစ်သိန်းကျော်မှ လူ၂၀၀ကို ရဲက ရိုက်နှက်ဖမ်းဆီးခဲ့သည်မှာ ဤသဘောပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ဆူချင် ဆူပစေ၊ ကြမ်းချင်သူ ကြမ်းပစေ၊ မနှိပ်ကွပ်ရ၊ မဟန့်တားရဟု အမေရိကန်အစိုးရက မတော်မတရား ဩဇာအာဏာပေးမှုကို ပြည်သူက မလိုလားပါ။ ပြည်သူ့ဆန္ဒ သဘောထားသည် တည်ငြိမ်မှုကို လိုလားသည်။ အေးချမ်းမှုကို လိုလားသည်။ ဆူပူအကြမ်းဖက်မှုကို မလိုလားခြင်းပင်ဖြစ်သည်။ ပြည်သူ့ဆန္ဒ ဆန့်ကျင်ပြီး ဆူပူနှောင့်ယှက်ကြသည့် အဖျက်ထောင်ချောက်အတွင်းသို့ ၈၈ အရေးအခင်းကာလ စတေးခံဘဝ ပျက်ခဲ့ရသောကလေးများ၏ ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး မိမိတို့ရင်သွေးများ ရောယောင် မပါမိအောင်၊ မသမာသူတို့၏ အသုံးချခံဘဝမရောက်အောင် သားချစ်၊ သမီးချစ် အမေ မိဘတို့ စောင့်ရှောက်ကြပါဦးဟူ၍ မိခင်သန့်က သန့်စင်သော မိခင်မေတ္တာဖြင့် တိုက်တွန်းလိုက်ပါသည်ရှင့်။ ။

နိုင်ငံရေးပယောဂရှိသော ဘုန်းကြီးဆိုသူအချို့ကို သံရုံးကြီးတစ်ခုက လျှို့ဝှက်သင်တန်းပေးပြီး ကျန် ကိုရင်(သာမဏေ)၊ ရဟန်းငယ်များကို ချော့နည်း၊ ခြောက်နည်း၊ လှည့်ဖြားနည်း (အနောက်က အဖျက်သင်တန်း ဆရာဂျင်းရှပ်၏နည်း)များဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ ရဟန်းအလုပ်ကို ကျောခိုင်းစေကာ ဆန္ဒပြခိုင်းခြင်းသာဖြစ်။ ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒ၊ ဝိနည်းတော်၏ ပညတ်ချက်၊ မြတ်ဗုဒ္ဓ၏ တရားဓမ္မအဆုံးအမကို ကျောခိုင်းလာကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရ။

အစသော် သံဃာများက မေတ္တာသုတ်ပရိတ်များရွတ်ဆိုပြီး စီတန်းလမ်းလျှောက်ပါသည်။ အာဏာပိုင်တို့က ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ပိတ်ပင်ခြင်းမပြုခဲ့ပါ။ သံဃာများကို စောင့်ရှောက်ရန်ဆိုကာ နောက်မှ လူအုပ်လိုက်လာသည်။ ဘေးကရပ်ကြည့်သူများ ဖန်တီးသွေးထိုးကာ ကောလာဟလမှိုင်းတိုက်ပြီး လူစုလာသည်။ ဘေးပရိသတ်အား လက်ခုပ်တီး ဩဘာပေးထောက်ခံစေသည်။ လူများလိုက်ပါရာ၌ အဓိကမှာ NLD များသာ ဖြစ်သည်။ အချို့ ဝေလေလေများ၊ သရုပ်ပျက်စွာ ဝတ်စားထားသည့် လူငယ်များ၊ အကြောင်းတစ်ခုခုဖြင့် မကျေနပ်သူများ ပါလာကြ။

ထိုသို့ဘေးကာ၊ နောက်လိုက်လူအုပ်များလာသည်နှင့် ဒေါ်စုကြည် လွှတ်ပေး၊ နိုင်ငံရေး အကျဉ်းသားမှန်သမျှ လွှတ်ပေး၊ ဒေါ်စုကြည်နှင့် တွေ့ဆုံဆွေးနွေး စသည်ဖြင့် အမေရိကန် အစိုးရနှင့် ပြည်ပြေး အာဘော်၊ NLD အာဘော်များ အော်ဟစ် ကြွေးကြော်လာကြသည်။ အချို့နေရာများ၌ စစ်အစိုးရဖြုတ်ချရေး ပါလာသည်။ ဘုမသိ၊ ဘမသိဖြင့် ပြစ်မှု ဥပဒေပုဒ်မ ၁၂၁၊ ၁၂၂ (နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု) ကျူးလွန်လာကြသည်။ ထိုပုဒ်မများသည် သေဒဏ်ထိုက်သင့်သော ပုဒ်မများဖြစ်။

ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူရသော နိုင်ငံတော်က ဆန္ဒပြ ဆူပူမှုများ မပြုလုပ်ရန်၊ ပြုလုပ်လျှင် ဥပဒေအရ အရေးယူမည်ဟု ကြေညာပြီးမှ ပိုမိုဆူပွက် အကြမ်းဖက်လာသည်။ လုံခြုံရေးတာဝန်ကျများအား အုတ်ခဲကျိုးများ၊ ခဲများဖြင့် ပစ်ပေါက် ရန်စလာသည်။ ထိုသို့ရန်စမှ လုံခြုံရေးကပစ်မည်၊ ထိုသို့ပစ်ခတ်သေဆုံးမှုရှိမှ BBC၊ VOA နှင့် CIA တို့က ကမ္ဘာက မြန်မာအစိုးရအပေါ် အထင်လွဲအောင် ဝါဒဖြန့်နိုင်မည်ဟု တွက်ကာ ထိုသို့မဖြစ်ဖြစ်အောင် BBC၊ VOA နှင့် အနောက်၊ အနောက် ဩဇာခံ မီဒီယာများက သပ်လျှိုလာကြ။ ထိုသို့ သပ်လျှိုသည့်အတိုင်းဖြစ်အောင် ပြည်တွင်း NLD က တာဝန်ယူဆောင်ရွက်ပေး။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ နေပြည်တော်၌ ကျင်းပ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁၇

ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊ တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်ဟူသော ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်းကားသိုက်မြိုက်စွာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းအား အနုပညာရှင်များ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီး တို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရ အဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တော တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို နံနက် ၇ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမ ဥပစာရှေ့၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ပြည်နယ်နှင့်တိုင်း (၁၄)ခုတို့မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဝတ်စုံများ ဝတ်ဆင်ထားသော ပြိုင်ပွဲဝင်အမျိုးသမီးများ၊ အက ပြိုင်ပွဲဝင်(၁၆)သင်းတို့မှ ဝါသနာရှင်အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့မှ ပြိုင်ပွဲဝင်ကြမည့် အကဝတ်စုံများ ဝတ်ဆင်ထားကြသည့် ပြိုင်ပွဲဝင်အမျိုးသမီး များနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ကလပ်နှင့်ဖဲကြိုး၊ ကြက်လျှာကိုင် မြန်မာဝတ်စုံဝတ် အမျိုးသမီးငယ်များက သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေတို့က အခမ်း အနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစီအစဉ်အရ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့သည် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံပြီး မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားလာစေရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ ရေရှည်တည်တံ့ ထိန်း သိမ်းထားနိုင်ရေးအတွက် ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာမှ ယခုဆိုလျှင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခါသမယသို့ပင် ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအနေဖြင့် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် ပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်နယ်၊ တိုင်းအသီးသီးက ပြိုင်ပွဲဝင် ညီအစ်ကို မောင်နှမများ ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ချမ်းမြေ့စွာ ပြိုင်ပွဲဝင် နိုင်ရေးအတွက် ကြိုဆိုရေး၊ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ သယ်ယူ ပို့ဆောင်ရေး နှင့် ကျန်းမာရေးအပါအဝင် လိုလေသေးမရှိ အစစအရာရာကြိုတင် ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း။

အဆင့်(၆)ဆင့်

ယခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဦးတည်ချက်(၅)ရပ်အပေါ် အခြေခံပြီး ယခင်နှစ်က ပြိုင်ပွဲဝင် အဆင့်(၆)ဆင့် သတ်မှတ်ချက်အတိုင်း ဝါသနာရှင် ပထမတန်းအဆင့်၊ ဝါသနာရှင် ဒုတိယတန်းအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ အသက်(၁၅–၂၀) အဆင့်၊ အခြေခံပညာအသက်(၁၀–၁၅)အဆင့်၊ အခြေခံပညာအသက်(၅–၁၀) အဆင့် သတ်မှတ်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ ဘာသာရပ်အလိုက် ပြိုင်ပွဲအမျိုးအစား တိုးတက်များပြားလာသည်ကို တွေ့မြင်ကြည့်ရှုခွင့်ရမည်ဖြစ်ကြောင်း၊ ယင်းသည် လည်း ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏မှာကြားချက် အရ တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့သည့် မြတ်နိုးဖွယ်ရာ မြန်မာ့ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်း စသော ကဗျာစာပေများကို ပြန်လည်ဆန်းသစ် ဖော်ထုတ် သီဆိုယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း။

ပြဇာတ်ပြိုင်ပွဲ

အလားတူ ပြဇာတ်ဘာသာရပ်ပြိုင်ပွဲအဖြစ် **စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်** ဆိုသော ပြဇာတ်ခေါင်းစဉ်ဖြင့် နိုင်ငံတော်အတွင်း တိုင်းရင်းသား ညီအစ်ကိုများ စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် (၁၅)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ထို့အပြင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ကွက်စိပ်ပညာရပ်ကို ယခုနှစ်တွင် ဘာသာရပ်အသစ်အဖြစ် မဟာဗုဒ္ဓဝင်ဇာတ်များမှ **ညီတော်မင်းနန်ချွတ်ခန်း**ကို ယှဉ်ပြိုင်ရန် စီစဉ်ထားရှိကြောင်း။

နှစ်စဉ်ယှဉ်ပြိုင်နေကျ ဇာတ်တော်ကြီးပြိုင်ပွဲတွင်မူ **သုဝဏ္ဏသာမဇာတ်တော်ကြီး**ဖြစ်ပြီး မေတ္တာပါရမီတော်၏ သိမ်မွေ့နက်ရှိုင်းမှု၊ မိဘအပေါ် လုပ်ကျွေး ပြုစုခြင်းသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော အကျိုးကို ရရှိစေမှုနှင့် တည်ကြည်သော ယောကျ်ားမြတ်တို့၏ သစ္စာစကားကို ယုံကြည်သက်ဝင်စေမှုတို့ကို ရည်ရွယ်ချက်ထားရှိ ယှဉ်ပြိုင်သွားမည်ကိုလည်း ရှုမြင်ရမည်ဖြစ်ကြောင်း။

ရုပ်စုံသဘင်ပြိုင်ပွဲ

ဝါသနာရှင်(ပထမတန်း)အဆင့် ရုပ်စုံသဘင်ပြိုင်ပွဲတွင်မူ ဒါန၏အကျိုး တရား၊ မမေ့မလျော့သော သတိတရား နှင့် ဒါန၊ သီလ ဖြူစင်ခြင်းကြောင့် အတိတ်၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုးတရားများကို သိမြင်ခွင့်ရမည့် **မဟာဒုက်ဇာတ်တော်** ရုပ်စုံသဘင်ကို ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း။

ယခုနှစ်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့်တိုင်း အသီးသီးက ပြိုင်ပွဲဝင် ၁၈၁၃ဦးနှင့် ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် အင်အား ၂၄၄၅ ဦး ရှိပြီး ယခင်နှစ်ကထက် ပြိုင်ပွဲဝင်မည့် လူအရေအတွက်နှင့် ဘာသာရပ်များ တိုးတက်များ ပြားလာသည်ကိုလည်း အားရဖွယ်တွေ့မြင်ရကြောင်း၊ ပြိုင်ပွဲဝင်များ၏ အရည်အသွေးနှင့်ကိုက်ညီသည့် ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားရန် ပြင်ဆင်စီမံထားရှိပြီးဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၇

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် သစ်တောသုတေသနဌာန စုဝေးခန်းမတို့၌ ကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့ကို တက်ရောက်ကြည့်ရှု အားပေးသည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

ရှေးဦးစွာ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက်၉နာရီ၁၅မိနစ်တွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ အမျိုးသမီး ဝါသနာရှင်အဆင့်(ပထမတန်း) အကပြိုင်ပွဲကျင်းပရာ နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိကြပြီး ပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးဝါသနာရှင်အဆင့်(ဒုတိယတန်း) စန္ဒရားအတီးပြိုင်ပွဲ ကျင်းပနေသည့် နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန စုဝေးခန်းမသို့ ရောက်ရှိကြကာ စန္ဒရားအတီးပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံဗုဒ္ဓဂယာ မဟာအောင်မြေကျောင်း၌ ကထိန်သင်္ကန်းဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာ ဗုဒ္ဓဘုရားပွင့်တော်မူရာ သံဝေဇနိယလေးဌာန၊ သတ္တသတ္တာဟဌာနဖြစ်ပေါ်ရာ ဗောဓိပင်နှင့်ရွှေပလ္လင်အနီး မဟာအောင်မြေ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ သုန္ဒရနှင့် ဝါဆိုသံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ဒေါ်မြစန္ဒာအောင် (ဂန္ဓဝင်ရွှေပုဂံ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) ဖုန်း–၅၁၀၄၉၁နှင့် ၀၉–၅၁၀၄၈၅၉ အမှတ်(၁၀) မြေညီထပ် မင်္ဂလာလမ်း စမ်းချောင်းမြို့နယ်သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ဆင့်ကမ်းဝေ အနုပညာအမွေ

※ မြန်မာ့ရိုးရာ၊ စဉ်လာကျင်းပ
ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးသည်
ကောင်းချီးသဘင် ပွဲတော်တည်း။

※ တိုင်းနှင့်ပြည်နယ်၊ အသွယ်သွယ်က
သက်ရွယ်အလိုက်၊ နှစ်မြိုက်ရာရွေး
ဆို၊ က၊ ရေးနှင့်
အားပေးလေ့ကျက်၊ စံမပျက်သည့်
တီးကွက်နရီ၊ စည်းဝါးညီသည်
ကြည်မြချို့လွင် ယဉ်သည်တည်း။

※ အဆို အက၊ ရေးတီးကြရင်း
မူလသန္ဓေ၊ ပေါ်လွင်စေမည့်
အမွေအနှစ်၊ ပညာစစ်ကို
ချစ်ကြည်စည်းလုံး၊ ပျော်တပြုံးဖြင့်
နှလုံးကြည်ရွှင်၊ ပြိုင်ပွဲဝင်သည်
သဘင်ပွဲတော် ခြိမ့်ခြိမ့်တည်း။ ။

အေးသန်း(ကြေးမုံ)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲတို့ကို တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် အောက်တိုဘာ ၁၇

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပပြီးစီးသွားပြီ ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲကို အောက်တိုဘာ ၁၈ရက်တွင်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို အောက်တိုဘာ ၁၉ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၂ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ နေ့စဉ်ညနေ ၃နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ဘောလုံးပြိုင်ပွဲများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ထို့ကြောင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးချစ်ခင်သည့် ပြည်သူများအနေဖြင့် ပြည်နယ်၊ တိုင်းအသီးသီးမှ ရောက်ရှိလာကြသော ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုကို အားပေးကြည့်ရှုရန် စောင့်မျှော်နေကြပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင်များအားလုံးအနေဖြင့် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲသွားကြပါဟု ဂုဏ်ယူစွာ တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ခန်းမဆောင်အတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားမှူးများအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလုဝင်းနှင့်ဒေါ်သီတာဆွေတို့က ဆောင်ရွက်ကြသည်။

မိန့်ခွန်းပြောကြား

ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။

[**ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။**]

ယင်းနောက် ဂီတလုလင်ဦးကိုကို ရေးသားသီကုံးစပ်ဆိုထားသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းကို အနုပညာရှင်များက သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

၁၄–၁၀–၂၀၀၇ ရက်ထုတ် သတင်းစာများ၌ ဖော်ပြပါရှိသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ရန်ကုန်မြို့ရှိ သံအမတ်ကြီးများက ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည့် သတင်းတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ အမည်အား H.E. Major General, Abu Rushde Rokonuddowla ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

(၁၇–၁၀–၂၀၀၇)

နေပြည်တော်	၀ဒသမ	၇၅လက်မ
မောင်တော	၃ဒသမ	၁၅လက်မ
ဟုမ္မလင်း	၂ဒသမ	၅၂လက်မ
မိုးကုတ်	၂ဒသမ	၃၃လက်မ
ခန္တီး	၂ဒသမ	၀၄လက်မ
မော်ဘီ	၁ဒသမ	၈၉လက်မ

(၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

၂။	၁၈–၁၀–၂၀၀၇ ကြာသပတေးနေ့	မဟာဂီတ	အဆင့်မြင့်(ကျား)	၀၉း၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အခြေခံ(၅–၁၀)(မ)	၁၃း၀၀	(စုဝေးခန်းမ)
		အက	အဆင့်မြင့်(မ)	၀၉း၀၀	မွေးမြူရေးဆိုင်ရာဆေး
			အခြေခံ (၁၅–၂၀)(ကျား)	၁၃း၀၀	တက္ကသိုလ်(ဘွဲ့နှင်း)
	ဇာတ် သ ဘင်/ ရုပ်စုံသဘင် အဖွဲ့လိုက် ကျင်းပမည့် အချိန်သည် ၁၉း၀၀နာရီ ဖြစ်ပါသည်။	ဇာတ်သဘင်	သုဝဏ္ဏသာမဇာတ်တော်ကြီး ရန်ကုန်တိုင်း မောင်အောင်ကိုဝင်းနှင့်အဖွဲ့	၁၉း၀၀	
		အရေး (သီချင်းတိုက်လေ့ကျင့်)	ဝါသနာရှင် (ဒု)	၀၉း၀၀	စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ)
		စန္ဒရား	ဝါသနာရှင်(ဒု) (ကျား)	၀၉း၀၀	သစ်တောသုတေသန
			အခြေခံ(၅–၁၀)(မ)	၁၃း၀၀	(စုဝေးခန်းမ)
		စောင်း	ဝါသနာရှင်(ပ)(ကျား)(မ)	၀၉း၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အခြေခံ(၅–၁၀)(မ)	၁၃း၀၀	(စာသင်ခန်းမ)
			အခြေခံ(၁၅–၂၀)(က)		
		ဒိုးပတ်	အခြေခံ(၅–၁၀)	၀၉း၀၀	စိုက်ပျိုးရေးသုတေသန
			အဆင့်မြင့်ပညာ	၁၃း၀၀	(စုဝေးခန်းမ)
	ဇာတ် သ ဘင်/ ရုပ်စုံသဘင် အဖွဲ့လိုက် ကျင်းပမည့် အချိန်သည် ၁၉း၀၀နာရီ ဖြစ်ပါသည်။	ရုပ်စုံသဘင် အဖွဲ့လိုက်	မဟာဒုက်ဇာတ်တော် **ရန်ကုန်တိုင်း ဦးခင်မောင်တင့် ဦးစီးသော အောင်စည်တော် ရုပ်စုံအမြင့်သဘင်**	၀၉း၀၀	
		ဆိုင်း(အဖွဲ့လိုက်)	ဝါသနာရှင်(ပ)(ကျား)	၁၉း၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အခြေခံ(၁၀–၁၅)(ကျား)	၁၃း၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)

ပေကျင်းမြို့မှ အေသင်မြို့သို့ တရုတ်လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းမည်

ပေကျင်း အောက်တိုဘာ ၁၇

တရုတ်နိုင်ငံ လေကြောင်းလိုင်းမှ ပေကျင်းမြို့နှင့် အေသင်မြို့အကြား နိုဝင်ဘာ ၂၈ရက်မှစတင်ကာ တိုက်ရိုက်လေကြောင်းလိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အဆိုပါလေကြောင်းလိုင်းကို ဒူဘိုင်းမြို့၌ ခေတ္တရပ်နားပြီး ထိုမှတစ်ဆင့် အေသင်မြို့သို့ဆက်လက်ပျံသန်းမည်ဖြစ်သည်။ တရုတ်နှင့် ဂရိနှစ်နိုင်ငံအကြား ပထမအကြိမ် တိုက်ရိုက်လေကြောင်းလိုင်း ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ စီအေ-၉၄၃ ခရီးစဉ်သည် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲမည်ဖြစ်ရာ ပေကျင်းမြို့မှ ည ၈ နာရီ မိနစ်၄၀မှ စတင်ထွက်ခွာပြီး ဒူဘိုင်းမြို့သို့ နံနက် ၁ နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဆက်လက်ပျံသန်းမည်ဖြစ်ရာ နံနက် ၅နာရီ မိနစ် ၅၀တွင် အေသင်မြို့သို့ ရောက်ရှိမည် ဖြစ်သည်။

ရောက်ရှိ

စီအေ-၉၄၄ ခရီးစဉ်ဖြင့် အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် အေသင်မြို့မှ နံနက် ၉ နာရီ မိနစ် ၃၀၌ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး နောက်တစ်နေ့ နံနက် ၅ နာရီ မိနစ် ၂၀တွင် ပေကျင်းမြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အိုလံပစ်ပွဲတော်အတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်လာရန်ဖြစ်ကြောင်း တရုတ်လေကြောင်းဆိုင်ရာမှ သတင်းထုတ်ပြန်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ အူလ်ဆန်ဆိပ်ကမ်းတွင် ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီမှ နိုင်ငံခြားသို့တင်ပို့မည့် မော်တော်ကားများကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နိုင်ဂျီးရီးယားသို့ရောက်ရှိ

အဘူဂျာ အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်မှ စတင်၍ နိုင်ဂျီးရီးယားနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိခဲ့သည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် အစိုးရအဖွဲ့ဝင်များ၊ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၊ သတင်းစာဆရာများ၊ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ခေါင်းဆောင် စသော ကိုယ်စားလှယ် ၁၅၀ ပါဝင်သည်။

တွေ့ဆုံဆွေးနွေး

ယင်း ကိုယ်စားလှယ်အဖွဲ့အား နိုင်ဂျီးရီးယားသမ္မတကိုယ်စား ပြည်နယ်ဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့သည်။

အိန္ဒိယနိုင်ငံခေါင်းဆောင်များနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်ဟု နိုင်ဂျီးရီးယား နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် မထွက်ခွာမီ နိုင်ဂျီးရီးယားသို့ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ရောက်ရှိကာ ယင်းအစည်းအဝေး၌ အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံများနှင့် ကုန်သွယ်မှုပြုရေး ပါဝင်ဆွေးနွေးလိုကြောင်း ပြောကြားသည်။

အာဖရိကနိုင်ငံများသို့ အာရှနိုင်ငံမှ လောင်စာဆီတင်သွင်းမှု ၁၁ ရာခိုင်နှုန်းဖြစ်ရာ နိုင်ဂျီးရီးယားနှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်၃၈၂၆ ဦးနှင့် ဗြိတိန်တပ်ဖွဲ့ဝင် ၁၇၀ ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၇

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်သည်မှ ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၃ ရက်အထိ အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၈၂၆ဦးရှိသွားပြီဟု ဒေးလီးသတင်းတွင် ဖော်ပြထားသည်။ ၎င်းတို့အနက် အနည်းဆုံး ၃၁၁၅ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်သည်။

သေဆုံး

အီရတ်၌သေဆုံးသည့် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၀၊ အီတလီတပ်ဖွဲ့ဝင် ၃၃ ဦး၊ ယူကရိန်း၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူဂေးရီးယား ၁၃ ဦး၊ စပိန်၁၁ ဦး၊ဒိန်းမတ် ခုနစ်ဦး၊ အယ်ဆာဗေဒို ငါးဦး၊ ဆလိုဗေးနီးယား လေးဦး၊ လတ်ဗီးယားသုံးဦးတို့အပြင် အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယားတို့မှ နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားနိုင်ငံတို့မှ တစ်ဦးစီတို့ဖြစ်သည်။

(အင်တာနက်)

ကနေဒါအနောက်ပိုင်း၌ လေယာဉ်ပျက်ကျ သုံးဦး သေဆုံး

အော့တဝါ အောက်တိုဘာ ၁၇

ကနေဒါနိုင်ငံအနောက်ပိုင်း ကိုလံဘီယာပြည်နယ်ရှိ ဗန်ကူဗာကျွန်းတွင် အောက်တိုဘာ ၁၃ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ယာဉ်ပေါ်ပါ သုံးဦးစလုံး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သတင်းထုတ်ပြန်

အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၏ အလောင်းကို ပြန်လည်ရရှိခဲ့သည်။ ၎င်းတို့အုပ်စုသည် ကိုပီချန်ရေကန်မှ တံငါကျေးရွာ ဘမ်ဖီးလ်သို့ ခရီးထွက်ခဲ့ကြပြီး အပြန်ခရီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကဘူးလ် အောက်တိုဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဈေးတစ်ခုတွင် အောက်တိုဘာ ၁၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် အရပ်သား ၁၀ ဦးလည်း ဒဏ်ရာရခဲ့ကြောင်း ဗြိတိန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

ဟယ်လ်မန်းပြည်နယ် ဂီရက်ခ်မြို့ဈေးတစ်ခုတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဥပုသ်ကာလပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် ဝတ်ပြုဆုတောင်းရန် လာသူများ စုဝေးသည့် ပထမဦးဆုံး အားလပ်ရက်တွင် အဆိုပါပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပြည်နယ်ရှိ ဗြိတိသျှတပ်ဖွဲ့များက ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင်များကို ရဟတ်ယာဉ်များဖြင့် စစ်ဘက်ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ရစ်ချတ်ဒ်အာတန်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ *ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဟီသရူးလေဆိပ်တွင် အောက်တိုဘာ ၁၆ရက်က ခရီးသည်တင်လေယာဉ်နှစ်စင်း ပွတ်တိုက်မိသွားခဲ့ရာ လေယာဉ်နှစ်စင်းစလုံး ပျက်စီးမှုအနည်းငယ်ရှိခဲ့ပြီး ခရီးသည်များကို အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် ယခု သီတင်းပတ်အတွင်း ကမ္ဘာ့အကြီးဆုံး ကုန်စည်ပြပွဲကြီးတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကုန်စည်ပြပွဲသို့ ကမ္ဘာတစ်ဝန်းမှ ကုမ္ပဏီပေါင်း ၁၅၀၀၀ခန့် လာရောက်ခင်းကျင်း ပြသမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ *နယူးဇီလန်နိုင်ငံတောင်ပိုင်း မီလ်ဖို့ဒ်ဆောင်းကျွန်း ကမ်းလွန်တွင် အောက်တိုဘာ ၁၆ရက်က ရစ်ချ်တာစကေး ၆ဒသမ ၇ ရှိသော အင်အားပြင်း ငလျင်လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်မှု မရှိကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါတာရိုနီးရားမြို့အနီးတွင် အောက်တိုဘာ ၁၆ရက်က အလွန်ကြီးမားသော ဒိုင်နိုဆော တစ်ကောင်၏ အရိုးစုကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ ထိုဒိုင်နိုဆော အရိုးစုသည် ခေါင်းမှအမြီးအထိ အရှည် ၁၁၂ပေခန့် ရှည်လျားပြီး လွန်ခဲ့သောနှစ်ပေါင်း ၈၉ သန်းက အသက်ရှင်နေထိုင်ခဲ့သည့် ဒိုင်နိုဆော တစ်ကောင်၏ အရိုးစုဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။** (အောက်ပုံ)

❖ *ဂွာတီမာလာနိုင်ငံ ဟိုင်တီမြို့တွင် အောက်တိုဘာ ၁၆ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ရာ ၃၁ဦးသေဆုံးပြီး ဒေသခံပြည်သူထောင်ပေါင်းများစွာအား ဘေးကင်းရာသို့ အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

(အပေါ်ပုံ)

❖ **ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဘာရီဆယ်၊ဘိုလာ၊ဘာရူလာ၊ ပါတူရာခါလီ၊ ဘာဂါဟက်နှင့် ဖရစ်ပူရာခရိုင်များသို့ အောက်တိုဘာ ၁၆ရက်က မုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ ၁၀ ဦးသေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိကာ နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း၊ ပင်လယ်ပြင်၌ ငါးဖမ်းသမား၁၀၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ *မက္ကဆီကိုနိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့တွင် ငါးဖမ်းသမားများက အောက်တိုဘာ ၁၇ရက်၌ အလေးချိန် ၈၄၄ ပေါင်ရှိသော ငါးမန်းကြီးတစ်ကောင်ကိုဖမ်းမိခဲ့ကြောင်း၊ အဆိုပါ ငါးမန်းကြီးသည် ဖမ်းမိသမျှ ငါးမန်းများ၌ အကြီးဆုံးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ယခုနှစ်အတွင်း မြေအောက်ရထားလမ်းခြောက်လမ်း အပြီးဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ စုစုပေါင်းအရှည်မှာ ၁၄၂ ကီလိုမီတာရှိကြောင်း အောက်တိုဘာ ၁၇ရက်က ထုတ်ပြန်သော အင်တာနက်သတင်း၌ ဖော်ပြသည်။**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်
(အဖိတ်နေ့)
၁၈-၁၀-၂၀၀၇ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ဆင်နွဲ့တူပျော် မကွေးမြသလွန်ဘုရားပွဲတော်
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၅ ၇။ အကပဒေသာ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၄း၅၀ ၁။ ၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ)
- ၁၆း၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၇း၀၀ ၃။ ဆောင်းပါးရှင်မိခင်သန့်၏ **"မသမာသူတို့၏ အသုံးချခံဘ၀ မရောက်စေလိုပါ"**
- ၁၇း၁၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်း အခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲ(ဒုတိယဆုရ) [အထက-၂၊စမ်းချောင်း ဝတ်အသင်း]
- ၁၇း၃၅ ၅။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈း၀၀ ၆။ ညနေခင်းသတင်း
- ၁၈း၃၀ ၇။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၈။ သီရိဂေဟာ
- ၁၉း၀၀ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ဈေးနှုန်းမှာချိုအလုပိုထွက်ကုန် မုဒုံချည်ပိုးစုံ)
- ၁၉း၁၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးတတိယချစ်ပုံပြင်** (အပိုင်း-၁၁)
- ၂၀း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ**
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေးတဝဲလည်လည်** (အပိုင်း-၂၅)
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)
AM & PM

- ၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ - ၁း၀၅ **"တာဝန်ကြီး (၃) ရပ် တရားတော်"** (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၇း၅၅ - ၁း၅၅ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လဆရာတော်၏ ဝိဇာတမင်္ဂလာသဘင်
- ၈း၁၀ - ၂း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ - ၂း၁၅ ပြည်တွင်းအနုပညာရေးရာ
- ၈း၄၅ - ၂း၄၅ ဘဝရပ်ဝန်းထဲသို့ သပ်ရပ်စွာ သက်ဆင်းလာသော ဘာသာရပ်များ
- ၉း၂၀ - ၃း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၀ - ၃း၃၀ တေးဂီတအစီအစဉ်
- ၉း၃၅ - ၃း၃၅ သဒ္ဓါကြည်ဖြူ ဝါတွင်းသုံးလ အရဏ်ဆွမ်းအလှူ
- ၁၀း၀၀- ၄း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၅- ၄း၀၅ သင်ယူလေ့လာ ဂီတပညာ [ကိုစိုင်း] (အပိုင်း-၁၁)
- ၁၀း၄၀- ၄း၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၄၅- ၄း၄၅ မြန်မာစာ မြန်မာစကား
- ၁၁း၀၀- ၅း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅- ၅း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၅- ၅း၁၅ အတွေ့အကြုံ (ညီကျော်၊ ဖိုးတာ၊ ဂွမ်းပုံကြီး) [ဒါရိုက်တာ-ဝေဠု(ဝဿန်)]
- ၁၁း၃၀- ၅း၃၀ တေးဂီတအစီအစဉ်
- ၁၁း၄၀- ၅း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၅- ၅း၄၅ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခ ဒေါက်တာ မြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
- ၁၂း၀၅- ၆း၀၅ တေးဂီတအစီအစဉ်
- ၁၂း၁၀- ၆း၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာရူပါရွှေနှင့် တွေ့ဆုံခြင်း)
- ၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒီရေတက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၁၇

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၃ပေခန့်မှ ၂၁ဒသမ၂ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန။

ဖောက်ခွဲဖျက်ဆီးရေး ယမ်းပြင်းများ ဖမ်းဆီးရမိခြင်း

နေပြည်တော် အောက်တိုဘာ ၁၇

အမျိုးသားညီလာခံကျင်းပနေဆဲကာလက ညီလာခံပျက်စီးရာ ပျက်စီးကြောင်းအတွက် အကြမ်းဖက်ဖောက်ခွဲရန် ကြံစည်ကြိုးပမ်းမှုများကို ခိုင်လုံသောသတင်းများရရှိခဲ့သဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ခေါ်ယူစစ်ဆေး

ထို့အတူ အောက်တိုဘာ ၁၁ ရက်တွင်လည်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေတောင်ကျောင်းတိုက်ဝင်းအတွင်းရှိ နန်းဦးကျောင်းတိုက်တွင် ကပ္ပိယအဖြစ်နေထိုင်သော အရှည်ကြီး(ခ)ကျော်မျိုးမင်း(ခ)မင်းမင်း အသက်၃၀ (ဘ)ဦးကျော်ဌေးအား ခေါ်ယူစစ်မေးခဲ့သည်။

၎င်း၏ထွက်ဆိုချက်အရ မုံရွာခရိုင် ချောင်းဦးမြို့ ရွှေတောင်ကွက်သစ်နေ ဦးကျော်ဌေး၏နေအိမ်အနီး မြေကြီးအတွင်း မြှုပ်နှံထားသော TNT ယမ်းတောင့် ၄၈ခုကို ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းရမိ

အဆိုပါယမ်းများမှာ အမေရိကန်နိုင်ငံလုပ် အပြင်းစား ဖောက်ခွဲရေးယမ်းများဖြစ်ပြီး အဝါဖျော့ရောင် (၈၅ x□□၄၂ x□□၄၂)မီလီမီတာအရွယ် အလေးချိန် ၀ ဒသမ ၅ ပေါင်ခန့်ရှိ စနက်တံထည့်ရန် အပေါက်တစ်ဖက်ပါ ယမ်းတုံး ၁၂တုံး၊ အဝါဖျော့ရောင်၊ (၂၆ x□□ ၄၂ x□□၄၂)မီလီမီတာအရွယ် အလေးချိန် ၀ ဒသမ ၁၈ ပေါင်ခန့်ရှိ အလယ်၌ စနက်တံထည့်ရန် အပေါက်ပါ ယမ်းတုံး ၁၈ တုံးနှင့် အဝါဖျော့ရောင် (၂၆ x□□၄၂ x□□၄၂) မီလီမီတာအရွယ် အလေးချိန် ၀ဒသမ၁၈ပေါင်ခန့်ရှိ အခေါင်းပိတ် ယမ်းတုံး၁၈တုံး စသည်ဖြင့် အမြောက်အမြား သိမ်းဆည်းရမိခြင်းဖြစ်သည်။

အထက်ပါယမ်းများ၏ ပိုင်ရှင်မှာ အထက်ဖော်ပြပါ နန်းဦးကျောင်းတိုက်တွင် သီတင်းသုံးသော ဦးကောဝိဒ သက်တော်(၂၃)နှစ် ဝါတော်(၃)ဝါဖြစ်ပြီး နန်းဦးကျောင်းတိုက်တွင် ဝှက်ထားခဲ့ရာမှ ကပ္ပိယဖြစ်သူ အရှည်ကြီး (ခ) ကျော်မျိုးမင်း (ခ) မင်းမင်းက နန်းဦးကျောင်းတိုက်မှ ဦးခေမိန္ဒ၊ ချောင်းဦးမြို့နယ် ဓာတိ ဖြူတုတ် (ခေါ်) ကျော်မျိုးဟိန်းတို့နှင့်အတူ ချောင်းဦးသို့သယ်ယူရွှေ့ပြောင်းဝှက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။

ဒဏ်ရာရရှိ

ထိုသို့ဖော်ထုတ်နေစဉ် အောက်တိုဘာ ၁၂ရက် ညနေ ၃ နာရီကျော်ခန့်တွင် မြဝတီမြို့ (၁)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ရွှေပြည်စံရာ တည်းခိုခန်း၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ တည်းခိုနေသူ ကျိုက်ထိုမြို့မှ ဦးတင်အောင် ဒဏ်ရာရရှိပြီး တည်းခိုဆောင် အခန်းလေးခန်း ပျက်စီးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်အရ သံဃာတော်များမှာ အသိမဲ့အသုံးချခြင်းခံရသောကြောင့် ဝိနည်းတော်နှင့် အပ်စပ်ခြင်းမရှိသည့်ဖြစ်မှုများတွင် ပါဝင်ပတ်သက်သွားရခြင်းဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများနှင့် ဆက်စပ်လျက်ရှိကြောင်းနှင့် အလားတူ ပြည်ပမှ ဖောက်ခွဲရေးယမ်းနှင့် ဆက်စပ်ပစ္စည်းပေးပို့မှုများရှိနေသဖြင့် ဆက်စပ်သူများ ဖော်ထုတ်ရန် လိုအပ်သူများအား ခေါ်ယူမေးမြန်း စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

HIGH EXPLOSIVE TNT 1 POUND မှုလမြင်ရပုံ(၁)တုံး ၊ အတွင်းပိုင်းမြင်ရပုံ(၆)တုံးနှင့် HIGH EXPLOSIVE TNT ½ POUND အတွင်းပိုင်းမြင်ရပုံ(၁၂)တုံးတို့အား စစ်ဆေးပြီးတွေ့မြင်ရပုံ



ဖမ်းဆီးရမိသော ဖောက်ခွဲရေးယမ်းများ

ဖမ်းဆီးရမိသော အမေရိကန် နိုင်ငံလုပ် အပြင်းစား ဖောက်ခွဲရေး ယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖမ်းဆီးရမိသော အမေရိကန် နိုင်ငံလုပ် အပြင်းစား ဖောက်ခွဲရေး ယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနှင့် ဖွံ့ဖြိုးတိုးတက်လာသော လူ့စွမ်းအားအရင်းအမြစ်

မောင်လူစွမ်း

နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များ ထွန်းကားရေးသည် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်၏။ နောင်လာနောက်သား မျိုးဆက်သစ်လူငယ်များသည် ခေတ်မီနိုင်ငံတော် တည်ဆောက်မှု အရှိန်အဟုန်ကို ဦးလည်မသုန် မြှင့်တင်သွားကြရမည့်သူများဖြစ်၏။ မိမိနိုင်ငံသည် မိမိတို့၏ဘဝ၊ မြန်မာလူ့အဖွဲ့အစည်းသည် မိမိတို့၏ဌာနဟုခံယူပြီး နိုင်ငံနှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သန္နိဋ္ဌာန်ဖြင့် မမိုတ်မသုန် သယ်ပိုးကြရမည့်သူများ ဖြစ်သည်။

ပြည်ထောင်စုကြီး၏ အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင် သယ်ပိုးမည့် လူ့စွမ်းအား အရင်းအမြစ်များ ထွန်းကား ထက်မြက်ရေးအတွက်

ရေကြောင်းပညာတက္ကသိုလ် (သီလဝါ)။

ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ ကဏ္ဍတို့အပြင် အခြားကဏ္ဍများဖြင့်လည်း အားပေးမြှင့်တင်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် တိုးမြှင့်ထူထောင်ပေးလျက် ရှိသကဲ့သို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၊ ပရဟိတ (ကျား) ကျောင်းတို့ဖြင့် ထပ်ဆောင်းအားဖြည့်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောပညာရှင်များ ပိုမိုထွန်းကားလာအောင် တက္ကသိုလ်နှင့် သိပ္ပံကျောင်းများ ဖွင့်လှစ်ကာ အတတ်ပညာများ သင်ကြားပေးလျက်ရှိသည်။ ယဉ်ကျေးမှုနှင့် အနုသုခုမ ပညာရပ်များ၊ ယွန်းအတတ်ပညာရပ်များ ပြန့်ပွားအောင်လည်း တက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်ပေးထားသည်။ ရေကြောင်းပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ရေကြောင်းပညာသိပ္ပံနှင့် ရေကြောင်းပညာတက္ကသိုလ်တို့က ပညာရှင်များ မွေးထုတ်ပေးနေသည်။

ပြည်ထောင်စု လူ့စွမ်းအား ဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် အဓိကမြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ ရန်ကုန်တိုင်း၌ ဗဟိုဝန်ထမ်းတက္ကသိုလ် တစ်ကျောင်း၊ ယခင်က မရှိခဲ့သော မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တစ်ကျောင်း၊ ယခင်က မရှိဖူးသော ယဉ်ကျေးမှုတက္ကသိုလ်တစ်ကျောင်း၊ ယခင်က မရှိခဲ့သော အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တစ်ကျောင်း၊ ယခင်က မရှိခဲ့ဖူးသော ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးမှု ဒီဂရီကောလိပ်တစ်ကျောင်း၊ ယခင်က မရှိခဲ့ဖူးသော သမဝါယမ ဒီဂရီကောလိပ်တစ်ကျောင်း၊ ပရဟိတ(ကျား) ကျောင်းတစ်ကျောင်း၊ ရေကြောင်းပညာသိပ္ပံ ကျောင်းတစ်ကျောင်းတို့ကို ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိသည်။

မန္တလေးတိုင်း၌ ပြည်ထောင်စု တိုင်းရင်းလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် တစ်ကျောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေး တက္ကသိုလ်၊ သစ်တောကျောင်း တစ်ကျောင်းစီနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း နှစ်ကျောင်း၊ ယခင်က မရှိခဲ့ဖူးသော ယဉ်ကျေးမှု တက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ သမဝါယမကောလိပ်နှင့် ယွန်းပညာကောလိပ် တို့ကို ဖွင့်လှစ်ထူထောင်ပေးကာ လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးလျက် ရှိသည်။

စစ်ကိုင်းတိုင်း၌ ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်အသွင် တည်ရှိနေသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးကို ထူးထူးခြားခြား တိုးချဲ့ဖွင့်လှစ်ပေးထားသည်။ ထို့အပြင် စစ်ကိုင်းတိုင်း၏ နယ်စပ်မြို့များဖြစ်သည့် ခန္တီး၊ လေရှီးနှင့် လဟယ်တို့တွင် တိုင်းရင်းသားများအတွက် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပြီး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ အလားတူ ဒေသတွင်း စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားထွန်းကားရေးအတွက် ရွှေဘို၌ စိုက်ပျိုးရေးသိပ္ပံကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးထားသည်။ စစ်ကိုင်းတွင် သမဝါယမကောလိပ်ကျောင်း တစ်ကျောင်းလည်းရှိသည်။

ယင်းတို့သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်က ပြုစုပျိုးထောင် မြေတောင်မြှောက်ပေး နေမှုများပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်ထောင်စု ပန်းဥယျာဉ်ကြီး အတွင်းမှ ပွင့်ထွန်းလာသည့် လူ့စွမ်းအား အသီးအပွင့်များပင် ဖြစ်သည်။ ။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ တိုင်းရင်းသား၊ တိုင်းရင်းသူ လူ့စွမ်းအား အရင်းအမြစ်များ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောပညာရှင်များ ပိုမိုထွန်းကားလာအောင် တက္ကသိုလ်နှင့် သိပ္ပံကျောင်းများဖွင့်လှစ်ကာ အတတ်ပညာများ သင်ကြားပေးလျက်ရှိ။

ယဉ်ကျေးမှုနှင့် အနုသုခုမ ပညာရပ်များ၊ ယွန်းအတတ်ပညာရပ်များ ပြန့်ပွားအောင်လည်း တက္ကသိုလ်နှင့်ကောလိပ်များ ဖွင့်လှစ်ပေးထား။

ရေကြောင်းပညာရှင်များ ပေါ်ထွန်းလာရေး အတွက် ရေကြောင်းပညာသိပ္ပံနှင့် ရေကြောင်းပညာ တက္ကသိုလ်တို့က ပညာရှင်များ မွေးထုတ်ပေး။

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)။

မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် ၂ လမ်း ရတနာမဥ္ဇူမဓမ္မရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် ဒိုင်းမွန်းအချိုရည်စက်ရုံ ဝါးတန်းလမ်း တိုက်(၈)နေ ဦးခင်မောင်မြင့်-ဒေါ်ဝင်းကြည်၊ သမီး မအိဇာမြင့်မိသားစုက အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ရတနာမဥ္ဇူမဓမ္မရိပ်သာ ဦးစီးပဓာန နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။(က-ပ)

ရေလုံလောက်စွာဖြန့်ဝေရေး ဖားကန့်မြို့၌ဆောင်ရွက်

ဖားကန့် အောက်တိုဘာ ၈

ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော မြို့ရေပေးရေးလုပ်ငန်းမှ ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေသွင်း ရေထုတ်ဆောင်ရွက်သော ရေပိုက်လိုင်းများကို အောက်တိုဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်ကြီးကြပ်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဖခင် ဦးဘကြိုင်၊ ခင်ပွန်း ဦးကိုကိုတို့အား ရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် ပဒေသာလမ်း အမှတ် (၁၈) နေ ဒေါ်ခင်စမ်းမြင့်၊ သားမောင်ကိုကိုဦး တို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာအောင်သံဃာတော်များပူဇော်ပွဲ မော်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၅

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်၏ အကြိမ်(၂၀)မြောက် စာအောင်သံဃာတော်များပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ပစ္ဆိမာရုံစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

ယင်းပူဇော်ပွဲသို့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ရွှေပြည်တန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာအမှူးပြုသော ဆရာတော် သံဃာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရက ဩဝါဒကထာ ချီးမြှင့်တော်မူပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဆွေက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ပစ္ဆိမာရုံစာသင်တိုက်မှ စာအောင်သံဃာတော် ၇၂ ပါးတို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ **(၀၉၇)**

တောင်တွင်းကြီးမြို့ မောင်းတိုင် (၁)ရပ်ကွက် ကန်သာယာလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ရေမြောင်းများ ဆယ်ယူခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြိတ်ခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း

မြိတ် အောက်တိုဘာ ၆

တနင်္သာရီတိုင်း မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မြိတ်ခရိုင်ရုံး စာကြည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ၂၀၀၇ ခုနှစ် လုပ်ငန်းရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားပြီး ကျွန်းစုမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ပုလောမြို့နယ်၊ ပလောက်မြို့နှင့် မြိတ်မြို့နယ် ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို တင်ပြကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်က မြို့နယ်များ၏ တင်ပြချက်များကို သုံးသပ်တင်ပြရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက အားနည်းချက်၊ အားသာချက်များကို ခြုံငုံသုံးသပ်၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာနှင့်အဖွဲ့ ဩဂုတ် ၂၉ ရက်က မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်ကျော်ဦး၊ ဒုတိယဦးစီးမှူး(ဈေး)ဦးသိန်းစိုးနှင့် ကျန်းမာရေးမှူး(၂) ဦးစိုးမြင့်ဦးတို့ ဩဂုတ် ၁၀ ရက်က ဘားအံမြို့မဈေးကြီး သားငါးတန်းအတွင်း ယင်လုံဆန်ခါဖြင့် တည်ခင်းရောင်းချမှုကို စစ်ဆေးပညာပေးကြစဉ်။ (မြို့နယ် စည်ပင်)

တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်း ပုလော၌ဖွင့်

ပုလော အောက်တိုဘာ ၆

မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်နံနက်က ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမ၌ ကျင်းပရာ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညွန့်ငွေက အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင် တိုင်းရင်း ဆေးပညာဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၆၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

တက်ရောက်

အလားတူစက်တင်ဘာ၂၅ရက်က ပုလောမြို့ အထက၌ မြိတ်ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါနှင့် ပုလောမြို့နယ် ဒုတိယတိုင်းရင်းဆေးမှူးဒေါ်မြမြဌေးတို့ကတိုင်းရင်းဆေးပညာဆိုင်ရာ သိကောင်းစရာများ ဟောပြောကြရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာဗိမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဇီးကုန်း အောက်တိုဘာ ၅

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဘဲအင်းကျေးရွာအုပ်စု ဘဲအင်းရွာ ပညာဗိမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ယင်းအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ဘဲအင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ခရိုင် ဦးစီးအရာရှိက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးအောင်မျိုးထွန်းက ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ် ဖြစ်ပေါ်လာခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးက ပညာဗိမာန်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် ၁၀၀ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စက်တင်ဘာ ၁၁ ရက်က ညောင်ဦးမြို့ တောင်ဇင်း ကျေးလက်ရေပေးရေး လုပ်ငန်းမှ ဝါခင်းကြီး ကျေးရွာသို့ ရေပေးဝေမှု လုပ်ငန်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်သိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ရွှေကျင်၌ ဆုချီးမြှင့်

ရွှေကျင် အောက်တိုဘာ ၁၄

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ၁၁ရက်ညနေ၅နာရီက လေးထပ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဓမ္မစကြာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက ပြိုင်ပွဲဝင် အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တာဝန်ရှိသူများက ပထမဆုရ ထောင်လောင် ကျေးရွာအသင်း၊ ဒုတိယဆုရ အနောက်ဘက်ကျေးရွာအသင်းနှင့် တတိယဆုရ ဝင်းခနိမ် ကျေးရွာအသင်းတို့အား ဆုများ ပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သက်ကြီးရွယ်အိုများနေ့ အခမ်းအနား တာချီလိတ်၌ကျင်းပ

တာချီလိတ် အောက်တိုဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အဘိုး၊ အဘွားများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်၏ဇနီး ဒေါ်သင်းသင်းရည်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အဘိုး၊အဘွား ၃၂ဦးတို့အား ငွေကျပ် ၁၁၄၄၀၀၀ တန်ဖိုးရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျိုက်ဟွန်ပရော်စေတီတော်ကြီး ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်းနှင့် ဆီမီး၁၀၀၀ပူဇော်ပွဲ

ဖျာပုံ အောက်တိုဘာ ၉

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မရမ်းဝကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်ဟွန်ပရော်စေတီတော်မြတ်ကြီးအား ဆွမ်း ၁၀၀၀၊ သစ်သီး ၁၀၀၀၊ ပန်း ၁၀၀၀၊ ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကပ်လှူပူဇော်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေများ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်သွယ်လှူဒါန်းလိုပါက မရမ်းဝကျေးရွာ အောင်မြေစံကျော် မဟာစည်သာသနာ့ရိပ်သာ ကျောင်းအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသီရိန္ဒထံနှင့် ဒေါ်မြင့်မြင့် အမှတ်(၂၀)၊ ၆လမ်း ဖျာပုံမြို့ ဖုန်း–၀၄၅–၄၀၃၉၁ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၈)

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ၁ရက်က ရွှေတောင်မြို့ဝင် မြို့ထွက် မုခ်ဦးဆိုင်းဘုတ်ရှိ မြေခင်းအလှနေရာများတွင် ပန်းအလှပင်များ ပြုစုခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် သစ်ပင်များ ပုံသွင်းခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ လူကိုအဆိပ်သင့်စေပြီး အသုံးပြုရန် မသင့်လျော်သော လူသုံးကုန်ပစ္စည်းများ ဈေးကွက်တွင် ရောင်းချမှုမပြုစေရန် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၈ရက်က ဦးစီးအရာရှိ ဒေါ်သီသီလင်းနှင့် ကျန်းမာရေးအရာရှိ ဒေါက်တာမီမီခင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကျောက်ဆည်မြို့နယ်၌ ညှိနှိုင်းဆွေးနွေး

ကျောက်ဆည် စက်တင်ဘာ ၂၀

မန္တလေးတိုင်း ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ရက် နံနက် ၁၀နာရီက ကျောက်ဆည်မြို့နယ်အတွင်းရှိ ရေပြစ်ကြီးကျေးရွာ သုတအလင်းရောင်စာကြည့်တိုက်၊ ပင်တလည်ကျေးရွာ အောင်ပင်လယ် စာကြည့်တိုက်၊ ပတ္တာကျေးရွာ ပညာဝေဆာ စာကြည့်တိုက်နှင့် ရဲဘော်လေး ကျေးရွာ ပြည်သူ့မိတ်ဆွေမွန်စာကြည့်တိုက်တို့၏ ကိုယ်ပိုင်အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီများနှင့် တွေ့ဆုံကာ စာကြည့်တိုက်အင်္ဂါရပ်နှင့်ပြည့်စုံရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက် အဆောက်အအုံများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေးသင်တန်းဆင်းပွဲ မိုင်းဖြတ်မြို့၌ ကျင်းပ

မိုင်းဖြတ် အောက်တိုဘာ ၅

မိုင်းဖြတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဦးစီးကျင်းပသော (၁/၂၀၀၇) လူထုကျန်းမာရေး သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် နံနက်က မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာ သန်းမြင့်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆုရသင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြ ဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ဖြစ်ပြီး မွမ်းမံသင်တန်းသား ၃၀ အပါအဝင် သင်တန်းသား ၅၅ဦး တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာဆိုတော်နေ့ စာပေဟောပြောပွဲကျင်းပရေး တောင်ငူမြို့၌ အကြိုညှိနှိုင်းဆွေးနွေး

တောင်ငူ အောက်တိုဘာ ၉

၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရေးနှင့် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနား ကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ၃၀ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ယာယီရုံးခန်း၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)(ကိုရေချမ်း–တောင်ငူ) **(ယာပုံ)**နှင့် ဂုဏ်ထူးဆောင် နာယက ဦးစောဌေးတို့က စာပေဟောပြောပွဲနှင့် စာပေဆု ချီးမြှင့်ပွဲအတွက် စီမံချက် ရေးဆွဲထားမှုများကို တင်ပြ၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ စာပေဆုများ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ စာရေးဆရာ ဦးယုလွင်(မောင်ကြေးစည်–တောင်ငူ)က တင်ပြဆွေးနွေးရာ အဖွဲ့ဝင်များက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက ကေတုမတီ တောင်ငူမြို့၏ တည်ထောင်ခြင်း နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်အကြို မဂ္ဂဇင်းထုတ်ဝေရန် ဆောင်ရွက်ထားမှုများနှင့် ကေတုမတီမြို့ စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းရန် စီစဉ်ထားမှုများကို ဆွေးနွေးကြသည်။ (၃၇၂)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မြင့်နှင့် ဝန်ထမ်းများ စက်တင်ဘာ၂၀ရက်က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် အရာရှိရပ်ကွက် ရေနုတ်မြောင်းကို စုပေါင်းရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့ နောင်လုံ အထကကျောင်းခွဲဖွင့်

ဘားအံ အောက်တိုဘာ ၂

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံ အခြေခံပညာ အထက်တန်းကျောင်းခွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီက ဘားအံမြို့နယ် နောင်လုံ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူး ဦးအန်းကူက ပညာရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍တက်ရောက် အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဝင်းအောင်က ကျောင်း၏ သမိုင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် နောင်လုံအခြေခံပညာ အထက်တန်းကျောင်းခွဲ ဖွင့်ပွဲအထိမ်းအမှတ်အလံကို ကျောင်းအုပ်ကြီးက ပြည်နယ်ပညာရေးမှူး၊ မြို့နယ်အတွင်းရေးမှူးနှင့် ကျေးရွာဥက္ကဋ္ဌများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

စိုက်ပျိုးရေးဝန်ထမ်း မ (၃) ဦးအလိုရှိသည်။

- စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်ရ
- မော်ဘီစိုက်ပျိုးရေးခြံတွင် နေထိုင်လုပ်ကိုင်နိုင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(အသက် ၂၈ နှစ်မှ ၃၅ နှစ်အတွင်း)

အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက် မိတ္တူ၊ ကိုယ်ရေးအချက်အလက် (C.V Form)နှင့်အတူ အောက်ဖော်ပြပါလိပ်စာတွင် တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ – အမှတ်(၂၂၈)၊ အင်ကြင်းမြိုင်ပျိုးဥယျာဉ် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲဝင်း၊ မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်။

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား

TOP 243363 705877

ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

" ကြိမ်သီး "

ဝယ်မည်

ဆက်သွယ်ရန်– ဦးအောင်ကျော်ထွန်း
၂၂၅၁၈၄၊ ၂၆၄၄၅၁၈၀၅၈၀၄၄၅၉



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်–၅၊ နည်း–၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်–၇၅၄

ဦးမျိုးအောင် ဒေါ်ရီရီသန်း
(၎င်း၏အခွင့်ရကိုယ်စားလှယ် **နှင့်**
ဒေါ်မေမေခင်)

တရားလို **တရားပြိုင်**

ဒေါ်ရီရီသန်း အမှတ် ၂၁ အုန်းပင်လမ်း ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပျောက်စနစ်ဖြင့် ရောင်းချခဲ့သည့်တိုက်ခန်းအား လက်ရောက်ပေးစေရန် (သို့မဟုတ်) တိုက်ခန်းဖိုးပေးချေခဲ့ပြီးဖြစ်သော ငွေရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၇ခုနှစ် အောက်တိုဘာ ၃၀ ရက် (၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ နံနက်၉း၃၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ရမည်။

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **သိန်းကိုကို**

တွဲဖက်တိုင်းတရားသူကြီး(၂)၊ ရန်ကုန်တိုင်းတရားရုံး။

အမည်ပြောင်း

နေပြည်တော် လယ်ဝေးမြို့နယ် အေလာအထက နဝမတန်း(B)မှ မတင်ဇာအား ယနေ့မှစ၍ မတင်ဇာလင်းဟု ပြောင်းလဲခေါ်ပါရန်။

မတင်ဇာလင်း။

အမည်ပြောင်း

နေပြည်တော်လယ်ဝေးမြို့နယ် အေလာအထက ဆဋ္ဌမတန်း(A)မှ မောင်ထက်မင်းခန့်အား ယနေ့မှစ၍ မောင်မင်းထက်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းထက်ခန့်။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၁) ဆဋ္ဌမတန်း (ခ)မှ မောင်ဟိန်းစိုးရာဇာ၏ဖခင်အမည်မှန်မှာ ဦးကိုလတ်ဖြစ်ပါကြောင်း။

ဦးကိုလတ် ၁၃/တကန(နိုင်)၁၅၂၂၇၀။

၁၉၇၃–၇၈ ဥပဒေပညာ ကျောင်းသူ ကျောင်းသားများ၏

မြတ်ဆရာကန်တော့ပွဲ ကျင်းပရက် ရွှေ့ဆိုင်းခြင်း

မူလက ၃–၁၁–၂၀၀၇ရက်တွင် ဆရာကန်တော့ပွဲ ပြုလုပ်ရန် လျာထားသော်လည်း ရက်ရွှေ့ဆိုင်းလိုက်ပါသည်။ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ဒဂုံတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသည်–

(က)	စက်ပစ္စည်း	(၁၁) မျိုး
(ခ)	ရုံးသုံးစက်ပစ္စည်း	(၃) မျိုး
(ဂ)	ရုံးသုံးပစ္စည်း	(၃၈) မျိုး
(ဃ)	လုပ်ငန်းသုံးပစ္စည်း	(၅၄) မျိုး

၂။ အဆိုပါ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၃၁–၁၀–၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ဒဂုံတက္ကသိုလ် အင်ဂျင်နီယာဌာန ချိပ်ပိတ်ဈေးနှုန်းလွှာ စိစစ်လက်ခံရေး အဖွဲ့ရုံးခန်းသို့ အရောက် ပေးပို့တင်သွင်းရမည်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များနှင့် ပစ္စည်းအမျိုးအစား အရေအတွက်တို့ကို ရုံးချိန်အတွင်း အင်ဂျင်နီယာဌာနတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသော အချက်အလက်များရှိပါက ဒဂုံတက္ကသိုလ် အင်ဂျင်နီယာဌာန ဖုန်းအမှတ်–၅၈၅၀၁၀ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဒဂုံတက္ကသိုလ်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၁၆/၄၊ လူနေရပ်ကွက်–၁၆/၄၊ မြေကွက်အမှတ်(၁၁၃၇)ဟုခေါ်တွင်သော ဒေါ်ခင်စိန်အမည်ပေါက် အလျား ပေ၆၀×အနံ ပေ ၄၀ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက်၊ ဝေသန္တရာလမ်း၊ အမှတ်(၁၁၃၇)ဟု ခေါ်တွင်သော အဆောက်အအုံတို့အား ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သီဂီဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့် အဆောက်အအုံတို့အား အရောင်းအဝယ်ပြုလုပ်မည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်မေမေလွင် **ဒေါ်မေပိုင်း**
B.Sc., R.L.,D.B.L.,D.M.L.,D.I.L **LL.B**

တရားရုံးချုပ်ရှေ့နေများ
ဒေါ်သဥ္ဇာမြိုင်
LL.B., D.B.L
အထက်တန်းရှေ့နေ
အမှတ် ၅၀၊ (ပ)ထပ်၊ အခန်း(ဘီ–၆)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၇၀၁၄၃၉၊ ၀၉–၅၁၅–၃၄၁၄။

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက်

Quotation ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန သတ္တုဗေဒဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်–

(က)	Flotation Machine	3 Sets
(ခ)	Laboratory Hot Plate(Heavy duty)	4 Sets
(ဂ)	Muffle Furnace,Rotary Furnace,Dry Magnetic Separator,	1 Set each
(ဃ)	Spiral Concentrator,Vaccum Pump,Super Panner,Jar Tester,	1 Set each
(င)	Agitator or mixer, Aspirator	2 Sets each
(စ)	Specimen polishing Machine Double wheel/Single wheel	1 Set each
(ဆ)	Magnetic Pump	3 Sets
(ဇ)	Stereozoom Microscope	1 Set

၂။ Quotation ပေးသွင်းမှုကို ၃၁–၁၀–၂၀၀၇ရက်(၁၆း၀၀)နာရီတွင် ပိတ်ပါမည်။ Quotationပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝယ်ယူရေးဌာနစု
အခန်းအမှတ် ၂၄၊ တိုက်အမှတ် ၄၃၄၁၊
အင်ကြင်းအိမ်ရာ(ဘူးကွဲ)၊ နေပြည်တော်
ဖုန်း–၀၆၇ ၄၀၁၀၇၃၊ ၄၀၁၀၇၄။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၃၇၂၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီဝင်း မှတ်ပုံတင်အမှတ် ၇/ရတန(နိုင်)၀၈၇၀၅၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊ အင်းစိန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

အောင်ဇမ္ဗူထွန်း Co.,Ltd.နှင့် Good Faith Services Co.,Ltd. တို့၏ MD ဖြစ်သူ ဦးစိုးဝင်း B.E (Civil) 1974-80 Batch သည် ၁၁–၁၀–၂၀၀၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင့်ဆန်း
ဥက္ကဋ္ဌ၊ အေစီအီး ဆောက်လုပ်ရေးလုပ်ငန်း
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်ပု

အသက်(၆၉)နှစ်

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံမှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်း–ဒေါ်ခင်မြင့်ဖြူတို့၏ မိခင် ဒေါ်ကျင်ပုသည် (၁၃–၉–၂၀၀၇)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အမှတ်(၁)သင်တန်းသားတပ်ရင်းမှ အရာရှိစစ်သည်နှင့်သင်တန်းသားများ။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
သီတင်းကျွတ်လဆန်း ၈ရက်
၁၉–၁၀–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တ သုရိယဓဇ)

၀၉း၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (မုံရွာစက်မှုဇုန်ထုတ် ချင်းတွင်းစတားမော်တော်ယာဉ် ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ သုတကမ္ဘာ

၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (သင့်နှလုံးသားကို ကာကွယ်ရန် အံ့သြဖွယ်ရာကောင်းတဲ့ ရိုးစင်းသောနည်းသစ်များ)

၁၂း၂၀ ဝိပဿနာ တရားရိပ်သာများနှင့် ဆွေးနွေးခန်း (အောင်ဆန်းတပ်ဦး တောရ မိုးကုတ်ဝိပဿနာ တရားရိပ်သာအကြောင်း)

ညနေပိုင်း

၁၄း၅၀ ၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (ဒုတိယအကြိုဗိုလ်လုပွဲ)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) အတ္တပရမ္ပတစေ (ခေါင်းကြီး)
(၂) အတ္တ (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဓာတ်လမ်း (ဝိုင်းဝန်းကြိုးပမ်းထုတ်လုပ်စို့)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကိုယ်အလေးချိန်မျှတဖို့ အကြောင်း– မောင်ဆုရှင်)

၁၉း၁၅ မြန်မာမှုမြန်မာ့သဘင် (ကွက်စိပ်) (တွံတေးဒဂုံဆရာညွန့်၏ ပထမသင်္ဂါယနာတင်ခန်း)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကျွန်တော်တင်တဲ့ မင်းသမီး (မောင်မောင်ညွန့်)
(၂) မောင့်ချစ်ဆိပ်ရည် (နှင်းရည်သန့်)
(၃) ကြာကြာခွဲလို့မနေနဲ့ကွယ် (ကိုရဲဝင်း)
– မင်းကွန်းဆရာတော်ကြီး အရပ် ၁၀ မျက်နှာမေတ္တာ ဘာဝနာတရားတော်

ရှင်းလင်းပြသ

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဟသ်ာကုန်းရပ်ကွက် ရေစက်ရုံတွင် ခြစ်ညည်းရိုးကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်နေမှုကို အောက်တိုဘာ ၃ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (တိုင်းစည်ပင်)

မကွေးမြို့ မေတ္တာလမ်း ကတ္တရာလမ်းသစ် ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၀ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို အောက်တိုဘာ ၅ ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးကြီးလမ်းကောင်းမွန်ရေးအတွက် အဖွဲ့ပိုင် လမ်းပေါက်ဖာစက်ဖြင့် လမ်းပေါက်ဖာခြင်း၊ ကတ္တရာလမ်းပခုံးများ လမ်းနှင့် လိုက်လျောညီထွေဖြစ်စေရန် လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်နယ်စည်ပင်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား